# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၃၁၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြား

## ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လို နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုများ တိုးတက်ကောင်းမွန်မှသာ နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာမည်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများနှင့် အခြားသီးနှံများစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး ဘဏ္ဍာရေးနှစ်အလိုက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

- ယခုကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်စွာရရှိစေရေးနှင့် မှားယွင်းမှုမရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့
- တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန်အတွက် သဘောတူညီမှုရှိပြီးဖြစ်၊ ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

❖ *ရှေ့ဖုံးမှ*

စိမ်းလန်းစိုပြည်စေရေးနှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် အရိပ်ရလေကာပင်များစိုက်ပျိုးခြင်းနှင့် စေတီပုထိုးများတည်ထားကိုးကွယ်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ ချောက်မြို့နယ်အတွင်း အပူဒဏ်လျှော့ချနိုင်ရန်အတွက် ကြီးမြန်သစ်ပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ အခြေခံပညာကျောင်းများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေများရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် မြေအောက်တမံများ ဆောက်လုပ်ပေးမှုကြောင့် ရေလုံလောက်စွာ ရရှိသည့်အပြင် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုလျက်ရှိမှု၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ယခုနှစ်မိုးရာသီအတွင်း မိုးကောင်းစွာရွာသွန်းမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်နိုင်မှု၊ တစ်ကေပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နိုင်မှုနှင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးလျက်ရှိမှုနှင့် MSME ထုတ်ကုန်ပြပွဲများ ကျင်းပဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးမြို့ရှိ မြို့မိမြို့ဖများနှင့် တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များက ဧရာဝတီမြစ်ကြောင်းအတွင်း မကွေးဘက်ခြမ်း၌ ရာသီမရွေးကုန်တင်ကုန်ချပြုလုပ်နိုင်သည့် သင်္ဘောဆိပ်ခံတစ်ခု တည်ဆောက်ပေးစေလိုမှု၊ မကွေးမြို့နှင့် ဆက်သွယ်ထားသည့် မော်တော်ကားလမ်းများ အဆင့်မြှင့်တင်ပေးစေလိုမှု၊ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ ချည်မျှင်စက်ရုံများအား အဆင့်မြှင့်တင်ပေးစေလိုမှု၊ မကွေးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် မီးဖိုချောင်သုံး စိုက်ပျိုးသီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီအား ဈေးကွက်ရရှိရေးကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသအတွင်း စိုက်ပျိုးရန်အတွက် ပြည်ပမှ အာလူးမျိုးကောင်း မျိုးသန့်များရရှိနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြေအောက်တမံများ ဆောက်လုပ်ခြင်းကြောင့် ရေလုံလောက်စွာရရှိနိုင်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုနိုင်သဖြင့် ဆက်လက်၍ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာဉ်များသွားလာမှုအဆင်ပြေချောမွေ့စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ချည်ထည်များထုတ်လုပ်နိုင်ရေး ဝါကုန်ကြမ်းကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့်စိုက်ပျိုးရေးထွက်ကုန်များအား ပြည်ပသို့ တင်ပို့ခွင့်များအား ပြည်တွင်းစားသုံးမှုများကို မထိခိုက်ပါက တင်ပို့ခွင့်ပြုထားကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်း တို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များထိုက်သင့်သည့် ဈေးနှုန်းများရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်ပမှ အာလူးမျိုးကောင်းမျိုးသန့်များရရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့် ချည်ထည်များထုတ်လုပ်နိုင်ရေး ချည်မျှင်ရှည်ဝါများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးအတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ မင်းဘူးဒေသနှင့် အခြားဒေသများတွင် စပျစ်စိုက်ပျိုးခြင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် အနာဂတ်ကာလတွင် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ဝိုင်စပျစ်စိုက်ပျိုးခြင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ မကွေးတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ မီးခိုးမြူငွေ့များလျှော့ချရေးအတွက် ပါဝင်ဆောင်ရွက်ပေးစေလိုမှု၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုအပ်မှုနှင့် အခြားစက်ပစ္စည်းများနှင့် ငွေကြေးများလိုအပ်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

**လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ က မိမိအနေဖြင့် မကွေးမြို့သို့ မကြာခဏရောက်ရှိခဲ့ပြီး မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိပြီးကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမှု မရှိခြင်းကြောင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲစာရင်းများကို ပြန်လည်စိစစ်ခဲ့ချိန်တွင်လည်း မဲစာရင်းများမှားယွင်းမှုများကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း။

ယခုကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်စွာရရှိစေရေးနှင့် မှားယွင်းမှုမရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မကွေးမြို့ ကျက်သရေဆောင် မကွေးမြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

*စာမျက်နှာ ၃ မှ*

တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန်အတွက် သဘောတူညီမှုရှိပြီးဖြစ်ကြောင်း၊ ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP– Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ပြည်ပနိုင်ငံများမှလည်း ထောက်ခံအားပေးမှုများရှိကြောင်း။

ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များဖြင့် မဲပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ အခြားနိုင်ငံတကာတွင်လည်း အဆိုပါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းလိုပါက ရွေးကောက်ပွဲများကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လိုကြောင်း၊ ထိုသို့ဆန္ဒမဲပေးရာတွင်လည်း ဒေသနှင့် နိုင်ငံအတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆောင်ရွက်ကြရန်လိုကြောင်း။

သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်ဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ရွေးကောက်ပွဲအားဖြစ်နိုင်ပါက တစ်ကြိမ်တည်း ကျင်းပပြုလုပ်ရန်ဟု ဖော်ပြပါရှိကြောင်း၊ သို့သော် မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ အချို့ဒေသများတွင် တည်ငြိမ်အေးချမ်းမှုများ မရှိသေးကြောင်း၊ အလားတူ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပြောင်းရွှေ့နေထိုင်နေရလျက်ရှိသည့် မဲဆန္ဒရှင်များနှင့် ပြည်ပသို့ရောက်ရှိနေသည့် မဲဆန္ဒရှင်ပြည်သူများကိုလည်း ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကန်သာမင်္ဂလာကန်တော် ကန်ပတ်လမ်းကို ကြည့်ရှုစစ်ဆေးစဉ်။

ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆင့်လိုက် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေးယခင်ကတည်းက စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ အားနည်းချက်များရှိခြင်းကြောင့် ပို့ကုန်များ အားနည်းချက်ရှိခဲ့ပြီး သယံဇာတပစ္စည်းများကိုသာထုတ်ယူသုံးစွဲခြင်းများ ပိုမိုများပြားခဲ့သည်ကိုတွေ့ရကြောင်း၊ သစ်တောသယံဇာတများထုတ်ယူသုံးစွဲမှုများပြားခဲ့ပြီး ပြန်လည်စိုက်ပျိုးထိန်းသိမ်းမှုများ အားနည်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မြေပေါ်သယံဇာတဖြစ်သည့် သစ်ပင်သစ်တောများအား ပြန်လည်စိုက်ပျိုးထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများ လျော့နည်းလာသည်ကိုတွေ့ရကြောင်း၊ မကွေးတိုင်းဒေသကြီးသည် ဝါကို အဓိကစိုက်ပျိုးသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို စံပြအဖြစ်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လူအများ၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးသည် လိုအပ်ကြောင်း၊ ဝတ်ရေးနှင့်ပတ်သက်၍ အခြေခံလိုအပ်ချက်ရှိပြီးဖြစ်သဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ပြီး ချည်ထည်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကိန်းဂဏန်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုအနေဖြင့် လက်ရှိစပါးအထွက်နှုန်းများအရ ဆန်ဖူလုံမှုများ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပြီး ဆက်လက်၍ တိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ ဒေသအတွင်းစားရေးကို အထောက်အကူဖြစ်စေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွားများကိုလည်း မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ သတ်မှတ်ထားသည့် တစ်ဧကပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင်ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေများလုံလောက်စွာရရှိစေရေး ဧရာဝတီမြစ်အတွင်းမှ ရေများကို နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုနှစ်မိုးရာသီ၌ မိုးကောင်းစွာရွာသွန်းမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း။

ဧရာဝတီမြစ်အတွင်း Low–Head Dam များ ဆောက်လုပ်နိုင်သည့် နေရာများရှိကြောင်း၊ Low–Head Dam များ ဆောက်လုပ်ခြင်းဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ မြစ်ကြောင်းတစ်လျှောက်ကုန်စည်သယ်ယူ ပို့ဆောင်ခြင်းများကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အရှည်ကိုမြော်တွေး၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသကိုချစ်မြတ်နိုးကြသူများအနေဖြင့် ဒေသအကျိုးအတွက် ဦးဆောင်ပေးကြရန်လိုကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် အသိပညာရှင် အတတ်ပညာရှင် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ *စာမျက်နှာ ၅ သို့*




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်သည် နိုင်ငံရေးအတွက် ပါဝင်ဆောင်ရွက်ခြင်း မဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင်သာ တာဝန်ထမ်းဆောင်သွားမည်

◆ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ အချို့ပြင်ဆင်၍ရသည်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်းကို တပ်မတော်အနေဖြင့် သဘောတူညီပြီးဖြစ်၊ ဒီမိုကရေစီစနစ်ဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဆိုပါက တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်၊ တပ်မတော်၏ တာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးပင်ဖြစ်၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်၌ အနိုင်ရရှိသည့် ပါတီမှ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း ပါဝင်၍ နိုင်ငံ့အရေးဆောင်ရွက်ပေးခြင်း၊ တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

**တိုင်းပြည်သည်အခက်အခဲကြားမှ ကျော်ဖြတ်ခဲ့ရ**

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် မကွေးတပ်နယ်သို့ မကြာခဏရောက်ရှိခဲ့ပြီး အရာရှိစစ်သည် မိသားစုများနှင့် တွေ့ဆုံအမှာစကားများ ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ တပ်မတော်နှင့် နိုင်ငံရေးအရ လက်တွဲမလုပ်ကိုင်လိုသည့် အတိုက်အခံပါတီများအနေဖြင့် ၎င်းတို့ပါတီအနိုင်ရရှိရေး မသမာမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးစအချိန်တွင် ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ်ဖြင့် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြည်တွင်း

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၄ မှ*

ထို့ကြောင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့်ပညာတတ်များ ပေါ်များစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အသိပညာရှိမှသာ အတတ်ပညာများ ရရှိမည်ဖြစ်ကြောင်း၊ ဒေသတွင်း ပညာတတ်များပေါ်များ ကြွယ်ဝမှသာ ဒေသစီးပွားရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်များ လုံလောက်စွာရှိပြီးဖြစ်သဖြင့် ဒေသအတွက်လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး အလေးအနက်ထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးဒေသမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှတ်အများဆုံးရရှိသူ (The Whole Myanmar First) ကျောင်းသားတစ်ဦး ထူးထူးခြားခြား ပေါ်ထွန်းခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ အခြားလူငယ်များအနေဖြင့်လည်း ထိုသို့ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း မျှော်မှန်းသက်တမ်းများ တိုးတက်စေရေး ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုများရှိရန် လိုကြောင်း၊ နိုင်ငံတော်မှလည်း ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတွင်း နေထိုင်ကြသည့် ပြည်သူများ၏ မျှော်မှန်းသက်တမ်းများ ယခုထက် ပိုမိုတိုးတက်လာစေရေး တာဝန်ရှိသူများက ကုစားနိုင်မည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ ပြောကြားမှုများသည် မကွေးတိုင်းဒေသကြီး အဘက်ဘက်မှ တိုးတက်လာစေရေးအတွက် တိုက်တွန်းပြောကြားမှုများပင် ဖြစ်ကြောင်း၊ ဒေသအတွက်ဖြစ်နိုင်သည့် ကိစ္စရပ်များကိုသာ ဆွေးနွေးပြောကြားခြင်းဖြစ်ပြီး ဒေသတစ်ခု တိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သူများအနေဖြင့် ဒေသကို ချစ်ခင်မြတ်နိုးသည့်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်မှုများသည် အရေးကြီးသဖြင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိအနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံအတွင်းကုန်ထုတ်လုပ်မှုများ တိုးတက်ကောင်းမွန်မှသာ နိုင်ငံ၏ စီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်ခြင်းကြောင့် ပညာရေးကို အားပေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ အလားတူ လူအများသည် စိမ်းလန်းစိုပြည်မှုများကို သဘောကျကြကြောင်း၊ ထို့ကြောင့် ရှိပြီးသားသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်နှင့် သစ်ပင်များ တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ စိတ်ခံစားမှုများ ကောင်းရန်အတွက် သဘာဝပတ်ဝန်းကျင်များကောင်းမွန်စေရေး သစ်ပင်သစ်တောများကို အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစိုက်ပျိုးဆောင်ရွက်သွားကြရန်နှင့် မကွေးတိုင်းဒေသကြီး ယခုထက် ပိုမို ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပြခန်းများ၌ ဒေသထွက်တိုင်းရင်းဆေးများ၊ အသုံးအဆောင်ပစ္စည်းများ၊ ချည်ထည်များနှင့် စားသောက်ကုန်ပစ္စည်းများ ပြသထားရှိမှုအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

**မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် အဖွဲ့ဝင်များနှင့်အတူ မကွေးမြို့ကျက်သရေဆောင် မကွေးမြသလွန်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး မဟာအတုလရသီတန်ဆောင်းအတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်ပွားနှင့် စေတီတော်မြတ်ကြီး၏ ပုံတူစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ ဆက်လက်၍ စေတီတော်မြတ်ကြီးရင်ပြင်တော် တိုးချဲ့ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ကန်သာမင်္ဂလာကန်တော်သို့ရောက်ရှိကြပြီး ဘာဂီမော်တော်ယာဉ်များဖြင့် ကန်ပတ်လမ်းအတိုင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နောင်တက်လာမည့်အစိုးရသည် နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ထမ်းဆောင်နိုင်သည့် အစိုးရဖြစ်အောင် မိမိတို့အနေဖြင့် ကြိုးတင်၍ ပြင်ဆင်ဆောင်ရွက်ပေးသွားရမည်

*စာမျက်နှာ ၅ မှ*
မငြိမ်သက်မှုများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်သည် အခက်အခဲကြားမှ ကျော်ဖြတ်ခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ရကြောင်း။

နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ချိန်တွင် အဓိကအကြီးမားဆုံး စိန်ခေါ်မှုမှာ ပြည်နယ်များမှ ခွဲထွက်နိုင်ရေးအတွက် ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရ သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်နေသကဲ့သို့ နိုင်ငံတကာတွင်လည်း ဆိုရှယ်လစ်စနစ်နှင့် ဒီမိုကရေစီစနစ်များအားပြိုင်မှုများရှိနေကြောင်း၊ ထိုအချိန်တွင် အရှေ့တောင်အာရှ၌ ဆီးတိုးအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ကွန်မြူနစ်စနစ်နှင့် ဒီမိုကရေစီစနစ်များ အားပြိုင်မှုများရှိခဲ့သည်ကို သမိုင်းအထောက်အထားများအရ သိရှိနိုင်ကြောင်း။

**သဘောထားကွဲလွဲမှုများဖြစ်ပေါ်**

မိမိတို့နိုင်ငံ ဆိုရှယ်လစ်စနစ်ဖြင့် လျှောက်လှမ်းချိန်တွင် နိုင်ငံရေးအရ သဘောထား မတူညီကြသူများရှိခဲ့ပြီး ဆိုရှယ်လစ်စီးပွားရေး စနစ်ဖြစ်သဖြင့် ပုဂ္ဂလိကပိုင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ကန့်သတ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင်လည်း ညီညွတ်မှုများပျက်ပြားလာခဲ့ကြောင်း။

၁၉၈၈ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ဆောင်ရွက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့ပြီး လွှတ်တော်တစ်ခုတည်းကိုသာ ဆောင်ရွက်ခဲ့ပြီး အခြေခံဥပဒေကို ရေးဆွဲရန်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရန်အတွက် တိုင်းပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းခဲ့ကြောင်း၊ အလားတူ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရန်အတွက် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းစေခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒီမိုကရေစီပထမအစိုးရ သက်တမ်းတွင် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီ ဒုတိယအစိုးရ သက်တမ်းကာလတွင် ဒီမိုကရေစီအမည်ခံ လစ်ဘရယ်ဝါဒဖြင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုများဖြင့် နိုင်ငံတော်တာဝန်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားသား အကြံပေးများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်ကို မုန်းတီးစေသည့် ရေးသားပြောဆိုမှုများ လှုံ့ဆော်မှုများကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် အခြားကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် နိုင်ငံတော်မှာ အဘက်ဘက်က ဆုတ်ယုတ်ခဲ့ရကြောင်း၊ အဓိကအားဖြင့် တပ်မတော်၏ နိုင်ငံရေး၌ အချက်အချာကျမှုကို ပယ်ဖျက်ရန်အတွက် အတိတ်ဖြစ်ရပ်များပေါ်တွင် အခြေခံသည့် အမုန်းတရားဖြင့် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရအနေဖြင့် ၎င်းတို့၏ အာဏာဆက်လက်တည်တံ့စေရေး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်အောင် ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ မဲမသမာမှုများအား ဖြေရှင်းပေးရန်အတွက် တပ်မတော်မှ အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမှု မရှိဘဲ ရွေးကောက်ပွဲကျင်းပ၍ နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန်ကြိုးပမ်းခဲ့ကြကြောင်း၊ ထို့ကြောင့်တပ်မတော်အနေဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီး ၎င်းမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုကြောင့်ဖြစ်ပွားခဲ့သည့် ပြဿနာများအား နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် မဲစာရင်းများမှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲစတင် ကျင်းပပြုလုပ်မည်ကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ အချို့ပြင်ဆင်၍ရသည်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်းကို တပ်မတော်အနေဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဆိုပါက တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်၏ တာဝန်မှာ နိုင်ငံတော် ကာကွယ်ရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်၌ အနိုင်ရရှိသည့် ပါတီမှနိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း ပါဝင်၍ နိုင်ငံ့အရေးဆောင်ရွက်ပေးခြင်း၊ တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံရေးအတွက် ပါဝင်ဆောင်ရွက်ခြင်း မဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင်သာ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း။

တပ်မတော်သားများ အားလုံးသည် ပြည်သူများကြားမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ လုံခြုံစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း။

**ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်**

မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်အားနည်းခြင်းကြောင့် လူတစ်ဦးချင်း၏ တွေးခေါ်မြော်မြင်မှုများတွင် အားနည်းမှုများရှိကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့၏ သားသမီးများ စဉ်းစားတွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

တာဝန်ထမ်းဆောင်ရာတွင် အထက်အောက် အပြန်အလှန် လေးစားမှုများဖြင့် စစ်သားကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကျင်းပချိန်၌ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ချိန်တွင် နိုင်ငံတော်၏အကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသည့်သူများ ဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲများအား မပျက်မကွက်ပေး၍ နိုင်ငံသားကောင်းများ ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း မိမိတို့ နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်၌ လာရောက်လေ့လာဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နောင်တက်လာမည့်အစိုးရသည် နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ထမ်းဆောင်နိုင်သည့် အစိုးရဖြစ်အောင် မိမိတို့အနေဖြင့် ကြိုတင်၍ ပြင်ဆင်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း ပြောကြားသည်။


နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို တပ်နယ်မှူး၏ဇနီးအား ပေးအပ်စဉ်။

**ချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော် ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လိုအပ်သည်များ ဖြည့်ဆည်း**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဇနီးသည်လည်း ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပမည့် အပိုင်းလိုက်နေ့ရက်များကို သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၅ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့် အပိုင်းလိုက်နေ့ရက်များကို သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (က)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၄ (ဂ) နှင့် နည်းဥပဒေ ၁၆ (က) တို့အရ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) ကို ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် ( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် ) တနင်္ဂနွေနေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၆)မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးသိန်းကိုကို၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၃/၂၀၂၅ (မန္တလေး)နှင့် တရားမအထူးအယူခံမှုအမှတ် ၄/၂၀၂၅(ရန်ကုန်)၊ ၇၆/၂၀၂၄(မန္တလေး)၊ ၁၄/၂၀၂၅ (ရန်ကုန်)၊ ၁၅/၂၀၂၅(ရှမ်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၅ (ရန်ကုန်)၊ ၁၇/၂၀၂၅(မန္တလေး)၊ ၁၈/၂၀၂၅(ပဲခူး)၊ ၁၉/၂၀၂၅(မန္တလေး)၊ ၂၀/၂၀၂၅(မွန်)၊ ၂၂/၂၀၂၅(ရှမ်း) စုစုပေါင်းတရားမ အထူးအယူခံမှု (၆)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုးတိမ်တောင်ဖြစ်ပေါ်မှုကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသို့တက်ရောက်



**ထားဝယ် ဩဂုတ် ၁၈**

ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိ ဖူဆယ်အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လှုသာ၊ ကက်သလစ်သာသနာကျောင်းထိုင် ဘုန်းတော်ကြီး မွန်စီညော်ဖာသာရ် ဂျိုးဇက်သိန်းခင်တို့က ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(ယာပုံ)

ထို့နောက် ကရင်တိုင်းရင်းသား တိုင်းရင်းသူများက ကရင်အမျိုးသားသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက မင်္ဂလာဖားစည်အားတီးပြီး ကရင်ရိုးရာပဒိုက္ကဲချို မှုတ်ကာ ထားဝယ်တက္ကသိုလ် ကရင်စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီက ကြိုးကျစ်အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာ(လက်ချည်ပွဲ)အခမ်းအနား ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်တွင် ကိုယ်ကျန်းမာစိတ်ချမ်းသာပြီး အန္တရာယ်အသွယ်သွယ်ကင်းဝေးစေရန် ချည်ဖြူဖြင့် နှောင်ပေးခြင်းဟု ယူဆကြကြောင်း၊ ဝါခေါင်လရောက်လျှင် ကွဲကွာနေကြသော ဆွေမျိုးများ ပြန်လည်ဆုံတွေ့ရေး၊ မိသားစုများ ပြန်လည်စုစည်းရေး၊ အချင်းချင်း ချစ်ကြည်သွေးစည်းမှု ခိုင်မာရေး၊ လူငယ်လူရွယ်များကို လူကြီးသူမများက ဆိုဆုံးမစကားများ ပြောနိုင်စေရေး၊ ရိုးရာယဉ်ကျေးမှုများ မပျောက်ကွယ်စေရေး၊ အသိပညာ၊ အတတ်ပညာမြင့်မားပြီး လူနေမှု အဆင့်အတန်း မြင့်မားသည့် လူမျိုးအဖြစ် အစဉ်တည်တံ့စေရေး ရည်ရွယ်ကျင်းပပြုလုပ်ခြင်း ဖြစ်သည့်အတွက် များစွာအတုယူဖွယ်ဖြစ်ကြောင်း။

ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကဲ့သို့ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းသည့် ပွဲတော်များကို အစဉ်အလာနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်သော ကိစ္စရပ်များကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပေးကြရန်၊ ရပ်ရွာအကျိုး၊ ဒေသအကျိုးနှင့် ပြည်ထောင်စုအကျိုးကို ဆတက်ထမ်းပိုး ထာဝစဉ်လက်တွဲ နေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်ပေးကြပါသော ပြည်ထောင်စုဖွား ကရင်တိုင်းရင်းသားများနှင့်တကွ တက်ရောက်လာကြသော တိုင်းရင်းသားများအားလုံး မင်္ဂလာအပေါင်းနှင့်ပြီးပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ချည်ဖြူဖွဲ့မင်္ဂလာရိုးရာဓလေ့ပွဲတော်ကို မပျောက်မပျက် ဆက်လက်၍ လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်ကြရန်နှင့် ကရင်တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လက်တွဲဆောင်ရွက်သွားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ပြောကြားသည်။

ဆက်လက်၍ ရမ္မဗူဒုံးယိမ်းအကအဖွဲ့က တိုင်းရင်းသားအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး တာဝန်ရှိသူများက ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ သမိုင်းကို စကောကရင်ဘာသာနှင့် မြန်မာဘာသာဖြင့် ဖတ်ကြားကာ ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ဦးစောအောင်ထွဋ်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသား သက်ကြီးဘိုးဘွားများနှင့် တိုင်းရင်းသားတိုင်းရင်းသူများက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကရင်တိုင်းရင်းသားတိုင်းရင်းသူများအား ဆုတောင်းမေတ္တာပို့သပြီး ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာလက်ချည်ပေး၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တိုင်းရင်းသားတိုင်းရင်းသူများကို ကရင်ရိုးရာစားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးနေမှုအား ကြည့်ရှုအားပေးကာ ရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကများနှင့် အဆိုဝါသနာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တနင်္သာရီတိုင်းဒေသကြီးသည် မိုးများသော ဒေသဖြစ်သောကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးအနက်ထား ဆောင်ရွက်ပေးရန်လိုအပ်ပြီး သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် ဝန်ထမ်းများခန့်ထားရေးကို ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား၍ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ထားဝယ်)တို့အား ချီးမြှင့်ငွေများပေးအပ်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် အခွန်အရပ်ရပ် လျာထားချက်ပြည့်မီကျော်လွန်စွာကောက်ခံရရှိရေး အစည်းအဝေးကျင်းပ

## ရသင့်ရထိုက်သည့်အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိအောင် ကောက်ခံရာတွင် အဂတိတရားကင်းရှင်းစွာဖြင့်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၈**

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် အခွန်အရပ်ရပ် လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးများ၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အခွန်ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာအခွန်ဥပဒေများအရ နိုင်ငံတော်သို့ ပေးဆောင်သင့်၊ ပေးဆောင်ထိုက်သည့် အခွန်များကို ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ပိုမိုသုံးစွဲနိုင်ရန် အခွန်ထမ်းပြည်သူများ သိရှိနားလည်သဘောပေါက်လာအောင် အခွန်ပညာပေးလုပ်ငန်းများကို အခွန်ထမ်းများ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားပေးရန်လိုအပ်ကြောင်း၊ ရသင့်ရထိုက်သည့် အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိအောင် ကောက်ခံရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာ အခွန်ပေးဆောင်သူပြည်သူများက မိမိတို့ပေးဆောင်လိုက်သည့် အခွန်ငွေများသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အဓိကထားသုံးစွဲနေကြောင်းကို နားလည်လက်ခံလာကြမည်ဖြစ်ပြီး အခွန်ရုံးများအပေါ် ပိုမိုယုံကြည်လာကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ အခွန်မှူးများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကောက်ခံရန်လျာထားသည့် အခွန်အရပ်ရပ်လျာထားချက်များ ပြည့်မီကျော်လွန်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကြိုးပမ်းကောက်ခံပေးကြရန် မှာကြားသည်။(ယာပုံ)

ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အခွန်ဦးစီးဌာနမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးများက လက်ရှိအခွန်ကောက်ခံရရှိမှုနှင့် လျာထားချက်များအတိုင်း ဆက်လက်ကောက်ခံဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြကြပြီး အစည်းအဝေးပထမနေ့ကို ရပ်နားလိုက်သည်။



အစည်းအဝေး ဒုတိယနေ့ကို ဩဂုတ် ၁၉ ရက်တွင် အဆိုပါရုံး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

## လျာထားကေပြည့်မီစွာစိုက်ပျိုးနိုင်ရေးနှင့် ရေမြေနှင့်ကိုက်ညီသည့် သီးနှံအမယ်သစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိစိုက်ပျိုးရေးဦးစီးဌာနပိုင် တမာပိုးသတ်ဆေးစက်ရုံကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Myanma Pesticides Industry Co., Ltd. ၏ တမာပိုးသတ်ဆေး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုတိုးတက်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ဆွေးနွေးမှာကြားသည်။(ဝဲပုံ)

ထို့နောက် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မကွေးတိုင်းဒေသကြီးအတွက် စိုက်ပျိုးရာသီအလိုက် သတ်မှတ်ထားသော လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဒေသရေမြေနှင့်ကိုက်ညီသည့် သီးနှံအမယ်သစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မြေယာအသုံးချမှုနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကျင့်ဝတ်သိက္ခာကောင်းမွန်သော နိုင်ငံ့ဝန်ထမ်းများအဖြစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ဒေသရင်း ငှက်မျိုးစိတ် အထူးထုတ် ၂၀၀ ကျပ်တန် ကိုးလုံးပါ Block of Stamp စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချမည်

**နေပြည်တော် ဩဂုတ် ၁၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံ၌သာကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ် ကိုးမျိုးဖြင့် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန်ရည်ရွယ်၍ **မြန်မာ့ဒေသရင်း ငှက်မျိုးစိတ် အထူးထုတ် ၂၀၀ ကျပ်တန် ကိုးလုံးပါ Block of Stamp** စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား **၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် (ဗုဒ္ဓဟူးနေ့)** နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

**အမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်**

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဩဂုတ် ၂၀ ရက် (ဗုဒ္ဓဟူးနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

မြန်မာ့ဒေသရင်းငှက် (၉) မျိုး



# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဘီလူးချောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဩဂုတ် ၁၈**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ထေးသမရပ်ကွက် လေ့ကျင့်ရေးအလယ်တန်းကျောင်း ပြုပြင်နေမှု၊ လွိုင်ကော် ပြည်သူ့ဆေးရုံကြီး ဆရာဝန်ကြီးများ အိမ်ရာများ ပြုပြင်နေမှု၊ ပြည်နယ်ရေကူးကန်နှင့် အားကစားရုံ၊ အားကစားကွင်းများ ပြန်လည်ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက် သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ထေးသမရပ်ကွက် လေ့ကျင့်ရေးအလယ်တန်းကျောင်း ပင်မနှစ်ထပ်စာသင်ဆောင်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ပြီးစီးပါက ကျောင်းပြန်လည်ဖွင့်လှစ်ရန်နှင့် လိုအပ်သည့် ကျောင်းသုံးရုံးသုံး ပရိဘောဂများ ပြည့်စုံစွာ စီမံဆောင်ရွက်ပေးရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

ဆက်လက်၍ မင်းစုရပ်ကွက် ပြည်နယ်ပြည်သူ့ဆေးရုံကြီး ဆရာဝန်ကြီးများအိမ်ရာ လေးခန်းတွဲ လေးထပ်နှင့် လေးခန်းတွဲ နှစ်ထပ် အိမ်ရာများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဝန်ထမ်းများအား စနစ်တကျ ပြန်လည်နေရာချထားပေးရန်နှင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းသာယာရေး စဉ်ဆက်မပြတ် ဆောင်ရွက်ရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ဒေါ်ဥခူရပ်ကွက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ရောက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် ပြည်နယ်အမျိုးသားရေကူးကန်၊ ရေသန့်စင်စက်များ၊ ရေချိုးသန့်စင်ခန်းအဆောက်အအုံများ ရာနှုန်းပြည့် ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ကိုယ်ကာယလေ့ကျင့်ရေး GYM အားကစားခန်းမအတွင်း လေ့ကျင့်ရေးပစ္စည်းများ တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဘောလုံးကွင်း၌ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများနှင့် ဘောလုံးပြိုင်ပွဲများကျင်းပနိုင်ရေး လိုအပ်ချက်များကို တာဝန်ရှိသူများက တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။



ထို့နောက် နမ့်ကွတ်ရပ်ကွက် နမ့်ကွတ်ရေစီးကွေ့ နေရာတွင် ဘီလူးချောင်းရေကြီးမြင့်တက်မှုမှ ကာကွယ်နိုင်ရန်နှင့် ရေစီးရေလာကောင်းမွန်စေရေး လူအင်အား၊ စက်ယန္တရားများဖြင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနတို့က ချောင်းကမ်းပါးတစ်လျှောက် ချုံနွယ် အမှိုက်သရိုက်များ ရှင်းလင်းဆယ်ယူခြင်း၊ ကျွန်းမွှားများဖယ်ရှားခြင်းနှင့် သဲသောင်ဖြစ်ပေါ်နိုင်သည့် နေရာများ ဆယ်ယူခြင်း ဆောင်ရွက်နေမှု(**အပေါ်ပုံ**)ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လူငယ်အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်

**နေပြည်တော် ဩဂုတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စဉ့်ကိုင်မြို့နယ်ရုံး၊ ကျောက်ဆည်ခရိုင်ရုံး၊ ကျောက်ပန်းတောင်းမြို့နယ်ရုံး(**ယာပုံ**)နှင့် ချောက်မြို့နယ်ရုံးတို့သို့ရောက်ရှိပြီး ရုံးနှင့် စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ချောက်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ပညာရည်မြင့်မားရေးနှင့် လူငယ်ရေးရာကိစ္စရပ်များကို မှာကြားသည်။



တွေ့ဆုံပွဲသို့ ချောက်ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးများ၊ ချောက်မြို့ စက်မှုလက်မှုသိပ္ပံကျောင်းအုပ်ကြီး၊ ချောက်မြို့ပေါ်ရှိ အခြေခံကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ လူရည်ချွန်မောင်မယ်များ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် တစ်ဦးချင်းအတွက်ရော ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပညာရေးသည် အဓိကကျပါကြောင်း၊ ပညာမတတ်သူ၊ ပညာရည်နိမ့်ပါးသူများပြားနေလျှင် အောက်ကျနောက်ကျဖြစ်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရန် မဖြစ်နိုင်ပါကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်ဝသူများဖြင့်သာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ရရှိပြီးသော လူဦးရေနှင့် သန်းခေါင်စာရင်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် ကျောင်းလုံးဝမနေဖူးသူ နည်းပါးသော်လည်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ မူကြိုနှင့် မူလတန်းအဆင့်သာ အောင်မြင်ကြပါကြောင်း၊ ထို့ပြင် အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့တွင်လည်း အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်သွားကြသဖြင့် ဘွဲ့ရပညာတတ်အရေအတွက်မှာ နည်းပါးလာပါကြောင်း။

ရေရှည်တွင် နိုင်ငံအတွက် စိုးရိမ်စရာဖြစ်သောကြောင့် နိုင်ငံတော်အကြီးအကဲကလည်း “ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်၊ ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေဖော်ဆောင်ပေးကြရန်”၊ “ယနေ့ ဆူပူအကြမ်းဖက်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသောကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းထွက်မှုနှုန်းလျော့ပါးရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေး၊ KG+9 ထိ မသင်မနေရ ပြီးစီးအောင် သင်ယူရေး” စသည်တို့ကို လမ်းညွှန်မှာကြားထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာတတ်ရုံ၊ အတန်းအောင်ရုံမျှဖြင့် ကျေနပ်မနေကြဘဲ စဉ်းစားတွေးခေါ်မှု၊ ဗဟုသုတပြည့်စုံမှု၊ အမှားအမှန်ခွဲခြားနိုင်မှု၊ တီထွင်ဆန်းသစ်မှု စသည်တို့ဖြင့် အသိပညာပြည့်ဝအောင် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ ငယ်စဉ်ကတည်းက အကျင့်စာရိတ္တကောင်းမွန်ပြီး စည်းကမ်းဥပဒေကို လိုက်နာတတ်သူများဖြစ်အောင် ကျင့်ကြံနေထိုင်ရေး၊ စာတတ်ရုံပညာတတ်ရုံဖြင့်မပြီးဘဲ ကျန်းမာကြံ့ခိုင်အောင် ကြိုးစားပြီး ဗလငါးတန်ပြည့်ဝအောင် ဖြည့်ဆည်းနေထိုင်ရေး၊ အလိမ္မာ စာမှာရှိ ဆိုသည့်စကားနှင့်အညီ စာပေလေ့လာဖတ်ရှုပြီး လူကောင်းလူတော်များဖြစ်အောင်၊ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံနှင့် ပြည်သူအကျိုးကို ဖြည့်ဆည်းသယ်ပိုးပေးနိုင်သူများ ဖြစ်အောင် ကြိုးစားကြရန်လိုပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားထားသည့်အတိုင်း စာမတတ်သူသည် ထိုင်နေသောသူနှင့်တူပြီး စာတတ်သော်လည်း စာမဖတ်သူမှာ ရပ်နေသူနှင့်တူကြောင်း၊ စာလည်းတတ် စာလည်းဖတ်ကြမှသာ လမ်းလျှောက်သူ၊ ဘဝရှင်သန်နေသူဖြစ်မည်ဆိုသည့် မှာကြားချက်နှင့်အညီ စာပေလေ့လာဖတ်ရှုခြင်း၊ စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်းတို့ဖြင့် ဘဝကိုတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

မိဘနှင့် ဆရာ ဆရာမများက ကျင့်ဝတ်နှင့်အညီ ပြုစုစောင့်ရှောက် သွန်သင်ဆုံးမမှုများကို ကျောင်းသား ကျောင်းသူများအနေဖြင့် သားသမီးဝတ်၊ တပည့်ဝတ်တို့နှင့်အညီ နာယူမှတ်သားလိုက်နာကြခြင်းဖြင့် သက်ရှည်ကျန်းမာပြီး ဘဝအဆင့်အတန်းမြင့်မားသူများဖြစ်အောင်၊ တိုင်းပြည်၏ သားကောင်းရတနာများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသည့် စာအုပ်စာစောင်များနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှပေးအပ်သည့် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ခရိုင်ပညာရေးမှူးတို့က လက်ခံရယူပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရေနံချောင်းမြို့နယ်ရုံးတွင်လည်းကောင်း၊ မကွေးခရိုင်ရုံးတွင် မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့မှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအားလည်းကောင်း၊ မြို့သစ်မြို့နယ်ရုံးတွင် ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံ၍ ဝန်ထမ်းကျင့်ဝတ်၊ အဓိဋ္ဌာန်များနှင့်အညီ ဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားကျင့်ကြံလုပ်ကိုင်ရေး၊ လူငယ်အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရေး၊ မကြာမီ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာတာဝန်အခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ယောက္ခမတောင်မှ မပေးနိုင်တဲ့ အတိုးနှုန်း

**မောင်အောင်**

"ဆရာ။ ဒီကဦးလေးကမိတ္ထီလာမြို့နယ်ကုန်းတောင်းကျေးရွာက ဦးစန်းမောင်ပါ။ လက်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ဝက်မွေးမြူရေးချေးငွေ ငါးယူနစ် ယူထားပါတယ်။ အဲဒါ နောက်ထပ် ၁၀ ယူနစ် ထပ်ပြီးယူချင်တယ်ဆိုတာကြောင့် ဆရာ့ဆီ ခေါ်လာခဲ့တာပါ"

မိတ္ထီလာခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ထွန်း မိတ်ဆက်ပေး၍ ခေါ်လာသူကို ကျွန်တော်ကြည့်လိုက်သည်။ အသားညိုညို၊ နဖူးပြောင်ပြောင်၊ ခန္ဓာကိုယ် တုတ်ခိုင်ပြီး အသက် ၆၀ ခန့် ရှိပုံရသည်။

"ကဲ ထိုင်ကြပါ။ နိုင်ငံ့စီးပွားမြှင့်တင်ရေး ဝက်မွေးမြူရေးရန်ပုံငွေက ဝက် ငါးယူနစ် ယူထားတယ်ဆိုတော့ ဝက်ကောင်ရေ ၅၀၀ မွေးထားတယ်ပေါ့။ ဒါတောင် ၁၀ ယူနစ်ထပ်ပြီး ယူချင်သေးတယ်ဆိုတော့ ဦးစန်းမောင်က တယ်ပြီး အလုပ်လောဘကြီးပါလား။ အခုဝက် စုစုပေါင်း ဘယ်နှကောင်မွေးထားသလဲ"

"လက်ရှိ အကောင် ၂၀၀၀ ကျော် မွေးထားပါတယ်။ အဲဒါကြောင့် ဒီကောင်တွေအတွက်အစာလေး ဝယ်ပြီး စုထားချင်တာကြောင့် ငွေနည်းနည်းထပ်ပြီး လိုလို့ ထပ်ယူချင်တာပါ"

## တစ်ကောင်စ နှစ်ကောင်စ ဝယ်မွေး

"အေး ကောင်းတယ်ဗျာ။ ဝက် ၂၀၀၀ လောက် မွေးထားတယ်ဆိုတော့ ဦးစန်းမောင်က တကယ့်သူဌေးပဲ။ ဝက်မွေးတာ ဘယ်လောက်ကြာပြီလဲ။ ဘယ်တုံးကစပြီးမွေးတာလဲ။ ဝက်တွေပြန်ပြီး ထုတ်ရောင်းတော့ရော အဆင်ပြေရဲ့လား"

ကျွန်တော် သိလိုသည်များက များပြားလှသဖြင့် မေးရတာ အားတောင်နာသွားပြီ။ ဦးစန်းမောင်၏ မျက်နှာကို အားနာစွာဖြင့် ကြည့်ဖြစ်လိုက်သည်။

"ကျွန်တော့်ကို အားမနာပါနဲ့ဆရာ။ ကျွန်တော်ကလည်း ဒီအကြောင်းပြောပြချင်နေတာ။ ကျွန်တော့်အကြောင်းပြောပြရင် အံ့သြသွားမယ်။ ကျွန်တော် ဝက်ကို ၂၀၁၁ ခုနှစ် လောက်က စပြီးမွေးပါတယ်။ အဲဒီတုန်းက ကျွန်တော်က သူများကားမောင်းပေးရတဲ့ အငှားယာဉ်မောင်းပါ။

"ကျွန်တော့်ကားအုံနာက ရှမ်းပြည်နယ် (မြောက်ပိုင်း)ကို ဝက်ပို့ပြီး ရောင်းတာ။ မူဆယ်၊ ရွှေလီ၊ နမ့်ခမ်းလည်းရောက်တယ်။ တစ်ခါတလေ ကွတ်ခိုင်၊ တာမိုးညဲ၊ မုန်းစီး၊ ကုန်ကြမ်းဘက်လည်း ရောက်တယ်။ ကားပိုင်ရှင်က မိတ္ထီလာကဆိုတော့ မိတ္ထီလာတစ်ဝိုက် ဝက်တွေ လိုက်ပြီးကောက်။ လိုက်ဝယ်ပြီး အဲဒီ ရှမ်းပြည်နယ်(မြောက်ပိုင်း)က တစ်ဆင့် ဟိုဘက်ကို ရောင်းတာ။ အဲဒီလို ဝက်လိုက်ပြီး ကောက်ရင်း ရောင်းရင်းနဲ့ တစ်ခါတလေ ဝက်အငယ်လေးတွေ ပါလာတယ်။ အဲဒီ ဝက်ကလေးတွေ



ဈေးကွက်မဝင်သေးတော့ ကျွန်တော်က ဈေးချိုချိုနဲ့ ဝယ်ပြီး အိမ်မှာမွေးဖြစ်တယ်။ အဲဒီမှာ တစ်ကောင်စ နှစ်ကောင်စ ဝယ်မွေးရင်းနဲ့ အိမ်မှာ ၁၅ ကောင်၊ အကောင် ၂၀ လောက်ဖြစ်လာတယ်။

## ခုနစ်လမွေးလိုက်ရင် ဈေးကွက်ပို့လို့ရ

"ကျွန်တော်က ပညာသိပ်မတတ်ပါဘူး။ ကျွန်တော့်ဇနီးကတော့ ဘွဲ့ရပညာတတ်ဖြစ်တဲ့ အပြင် ကျောင်းဆရာမလုပ်နေတော့ အသုံးအစွဲ စေ့စပ်တယ်။ စည်းစနစ်ရှိတယ်။ ဆရာလည်း သိတဲ့ အတိုင်း မြန်မာစကားပုံမှာရှိတယ်လေ။ **"ကြွေးတင် ဝက်မွေး"** ဆိုတာ တကယ်တော့ ဝက်က စုဘူးပဲ။ ဝက်ကိုနေ့တိုင်း အစာကျွေးရုံပဲ။ လိုက်ပြီးလည်း လွှတ်ကျောင်းစရာ မလိုဘူး။ အစာဝအောင်ကျွေးရင် စားပြီးအိပ်တယ်။ အိပ်ရာကနိုး အစာပြန်စားတာပဲ။ သောက်ရေသန့်သန့်၊ ခြံသန့်သန့်ထားရင် ဘာရောဂါမှလည်း ဝင်စရာမရှိဘူး။ စောစောက ကျွန်တော်ပြောသလို ဝက်က စုဘူး၊ နေ့စဉ်ဝက်စာ ဝယ်ပြီး ကျွေးရတယ်။ အသားတိုးနှုန်းလည်းကောင်းတယ်။ ကျင်းတက်သားခွဲ ဝက်တစ်ကောင်ကို ခြောက်လ၊ ခုနစ်လ ကောင်းကောင်းကျွေး၊ ကောင်းကောင်း မွေးလိုက်ရင် ဈေးကွက်ပို့လို့ရပြီ။ ပိဿာချိန် ၆၀ / ၇၀ ဆိုတာ အောက်ထစ်ပဲ။ အစာလည်း သိပ်ပြီး ပိုက်ဆံမကုန်ပါဘူး။ ဆန်ကွဲကျို၊ ဖွဲနု၊ ပဲဖတ်လေးပက်ပြီးကျွေး၊ ဆန်ကွဲကျိုထဲကို ကော်ဖီရွက်တို့ ကန်စွန်းရွက်တို့၊ အိမ်မှာဟင်းချက်စားရင်း လွှင့်ပစ်ရမယ့်အရွက်တွေ၊ ကြက်ရိုး၊ ငါးရိုးတွေ ထည့်ကျိုပြီး ကျွေးရုံပဲ။ ငါးပိလေးနည်းနည်း ထည့်ပြီး ပြုတ်ကျွေးရင် ပိုပြီး အသားတက်နှုန်း ကောင်းတယ်။ ငှက်ပျောပင်ရင့်လို့ ခုတ်ရင် ငှက်ပျောအူကို နုပ်နုပ်စဉ်းပြီး ထည့်ကျွေးရင် ဝက်ပိုပြီး စားတယ်။

"မွေးမြူရေးလုပ်တာ တစ်ခုကောင်းတာက ကလေးတွေလည်း အလုပ်ရတယ်။ ကျွန်တော့်မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်ကဆို သူတို့ သုံးတန်း လေးတန်း လောက်ပဲရှိတာ။ သားက အကြီး။ မနက်ဆို သူတို့ ဈေးသွားပြီ။ ကုန်စိမ်းသည်တွေ ခွာထားတဲ့ ဂေါ်ဖီ ဖတ်တွေ သွားပြီးကောက်တယ်။ နေ့စဉ်လာယူနေကျ ဆိုတော့ အိတ်ခွံပေးထားရင် ဈေးသည်တွေက အိတ်ထဲထည့်ပေးထားတယ်။ သူတို့ အမှိုက်တွေကို သိမ်းပေးလို့ ကလေးတွေကို မုန့်တောင်ဝယ်ကျွေးလိုက်သေးတယ်။ အဲဒီဂေါ်ဖီဖတ်တွေ အိမ်ရောက်ရင် ရေစင်အောင်ဆေးပြီး ဆန်ကွဲပြုတ်အိုးထဲထည့်ပြီး ပြုတ်လိုက်ရုံပဲ။ ဒီကိစ္စတွေအားလုံး ကျွန်တော့် မိန်းမ စီစဉ်တာပါ။ ကျွန်တော်က ကားတစ်စီးနဲ့ဝက်လျှောက်ဝယ်၊ ပြီးတော့ ဝက်သွားပြီး ရောင်းတာ။ ကျွန်တော့်အလုပ်က တစ်ခေါက်ပြန်လာရင် တစ်ခါ ဇနီးသည်ကို ပိုက်ဆံ မှန်မှန်အပ်ရုံပဲ။ ပြီးတော့ ဝက်စာဖိုး၊ ဆန်ကွဲ၊ ဖွဲနုဝယ်တာတွေကို သူကပဲ စီမံခန့်ခွဲတာ။

"အဲဒီလိုလုပ်နေရင်းနဲ့ ၂၀၁၁ ခုနှစ်ကုန်ပိုင်းလောက်မှာ ဇနီးသည်နဲ့ တိုင်ပင်ပြီး ကားဒရိုင်ဘာအလုပ်က ထွက်လိုက်တယ်။ မွေးထားတဲ့ ဝက်တွေရောင်း၊ သူစုထားတဲ့ပိုက်ဆံနဲ့ သူ့ရှိတဲ့ ရွှေလေးရောင်းပြီး လိုက်ထရပ်ကားလေးတစ်စီး ဝယ်လိုက်တယ်။

## ဝက်ပေး အစာပေး မွေးခိုင်း

"အလုပ်ကတော့ လက်ငုတ်လက်ရင်းဖြစ်တဲ့ ဝက်တွေလိုက်ပြီးဝယ်၊ ရှမ်းပြည်နယ်ဘက်ကို တက်ပြီး ရောင်းဖြစ်တယ်။ အရင်ကတည်းက ဝက်ဝယ်နေကျဖြစ်နေတော့ ဝက်မွေးသမား အတော်များများက ကျွန်တော့်ကို ယုံတယ်။ ငွေလက်ငင်း ပေးစရာမလိုဘဲ ပြန်လာမှ ပေးရင်ရတယ်။ ဒီလိုနဲ့ ဝက်လိုက်ပြီးဝယ်၊ ရှမ်းပြည်နယ် တက်ပြီးရောင်း၊ ရောင်းမရသေးတဲ့ ဝက်ငယ်လေးတွေ အိမ်မှာ မွေး။ အလုပ်က သူ့ဘာသာလည်ပတ်နေတယ်။

"ကျွန်တော့်ညီတွေ၊ ညီမတွေကိုလည်း ဝက်ပေး၊ အစာပေးပြီး မွေးခိုင်းတယ်။ သူတို့လည်း အလုပ်ရ၊ ကျွန်တော့်လုပ်ငန်းလည်း အဆင်ပြေတာပေါ့။ အဲဒီလိုနဲ့ ကျွန်တော့်သားလည်း ဆယ်တန်းအောင်တယ်။ သူ့အမေရဲ့ ကြပ်မတ်မှုနဲ့ ပထမတော့ စက်မှုသိပ္ပံတက်ပြီး ဒီပလိုမာရတယ်။ ဒီပလိုမာပြီးတော့ ဆက်တက်ချင်သေးတယ်ဆိုတာကြောင့် စက်မှုတက္ကသိုလ်တက်ပြီး အင်ဂျင်နီယာဘွဲ့ရသွားပြီ။ သမီးကတော့ စီးပွားရေးပညာတက်တယ်။ သူလည်း ဘွဲ့ရသွားပါပြီ။"

ဦးစန်းမောင်က သူ၏ စီးပွားရေးအောင်မြင်မှုများအကြောင်း မမောနိုင်၊ မပန်းနိုင် ပြောနေရ၍ ရွှင်လန်းတက်ကြွနေသည်။ ကျွန်တော်လည်း ဦးစန်းမောင်၏ အောင်မြင်မှုများကို ကြားနေရ၍ ကြည်နူးဝမ်းသာမိသည်။

"သားနဲ့ သမီးရော အခု ဘာတွေလုပ်နေသလဲ" ဘကြီးအောင် ကြားဖြတ်မေးလိုက်ခြင်း ဖြစ်သည်။

## ကြိုးကြိုးစားစားလုပ်ရင် ကြီးပွား

"ကျွန်တော့်လုပ်ငန်းမှာပဲ ဆက်ပြီး ဖောက်ချ လုပ်နေပါတယ်။ ကျွန်တော်တစ်ခု မြင်မိတာက ဘာအလုပ်ပဲလုပ်လုပ်၊ အလုပ်လုပ်ရင် ပညာတတ်တဲ့လူနဲ့ ပညာမတတ်တဲ့လူ အတော်လေးကွာပါတယ်။ ကျွန်တော်တို့ ပညာမတတ်တဲ့ သူက ရိုးရိုးသားသား၊ ကြိုးကြိုးစားစားလုပ်ရင် ကြီးပွားတာတော့မှန်တယ်။ ဒါပေမယ့် ရိုးသားကြိုးစားတာချင်းအတူတူ ပညာတတ်တဲ့ လူလုပ်ရင် ပိုပြီးအောင်မြင်တယ်။ ပိုပြီး ကြီးပွားတိုးတက်တယ်။ အဲဒါ ကျွန်တော့်ကိုယ်တွေ့ပါ"

"အေးဗျာ ခင်ဗျားအတွေးအခေါ်၊ ခင်ဗျားဒဿနကိုတော့ ကြိုက်သွားပြီ ကိုစန်းမောင်ရေ။ ကဲ ခင်ဗျားရဲ့ ကိုယ်တွေ့လည်း ဆက်ပြီးပြောပါဦး"

ကျွန်တော်က ကိုစန်းမောင် ပြောအားရှိအောင် စကားထောက်ပေးလိုက်ခြင်းဖြစ်သည်။

## မွေးမြူရေးလုပ်ငန်းက ပိုပြီးအောင်မြင်လာ

"ဆရာ စဉ်းစားကြည့်လေ။ ကျွန်တော့်ဇနီးနဲ့ ကျွန်တော့်ကိုပဲကြည့်။ သူက ပညာတတ်တယ်။ အကွက်မြင်တယ်။ ကျွန်တော်က ရိုးရိုးသားသားနဲ့ ကြိုးစားတယ်။ ဇနီးသည် အကြံပေးချက်ကို လိုက်နာပြီးလုပ်တော့ စီးပွားကတက်လာတယ်။ သူ အစုအဆောင်းကောင်းတာ၊ အကြံပေးကောင်းတာကြောင့် ကားဒရိုင်ဘာက ကားပိုင်ရှင် ဖြစ်လာတယ်။ ဝက်ကလေး ၁၄-၁၅ ကောင်မွေးရာက ဝက်အကောင် ၁၅၀၀ - ၂၀၀၀ မွေးလာနိုင်တယ်။ ကိုယ့်အမျိုးတွေကိုပါ လုပ်ငန်းခွဲပြီး ပေးလာနိုင်တာကြောင့် အမျိုးတွေအားလုံးကလည်း ကျေးဇူးတင်တယ်။ သူတို့လည်း အဆင်ပြေကြတယ်။ ပြန်ပြီး ကောက်ချက်ချရင် ဇနီးသည်က ပညာတတ်လို့၊ စီမံခန့်ခွဲမှုကောင်းတာကြောင့်လို့ ကျွန်တော် ယုံကြည်တယ်။ နောက်ပြီး ကျွန်တော့် သားနဲ့သမီး။ သူတို့က ဘွဲ့ရပညာတတ်ဖြစ်တော့ အင်ဂျင်နီယာပေမယ့် သူတို့လုပ်နေတဲ့အလုပ်၊ မွေးမြူရေးနဲ့ပတ်သက်ပြီး စာဖတ်တယ်။ ဟောဒီ ဆရာမြင့်ထွန်းတို့ကိုလည်း မေးတယ်။ ဆွေးနွေးတယ်။ ဒီတော့ ကျွန်တော့် မွေးမြူရေးလုပ်ငန်းက ပိုပြီးတိုးတက်၊ ပိုပြီး အောင်မြင်လာတာပေါ့ ဆရာရယ်"

ဦးစန်းမောင်တစ်ယောက် သူ၏အောင်မြင်မှုများကို မနားတမ်းပြောနေရ၍ မမောနိုင်၊ မပန်းနိုင်။

"ကဲ ဟုတ်ပါပြီ။ ဦးစန်းမောင်တို့ အခုလို တိုးတက်အောင်မြင်လာတာကို ကြားရတာ အတော်လေး ကျေနပ်ပါတယ်။ ဒါပေမယ့် ကျွန်တော် သိချင်တာက အခုလိုအောင်မြင်တာမှာ

*စာမျက်နှာ ၁၁ သို့*

❑ **"ကျွန်တော့်ညီတွေ၊ ညီမတွေကိုလည်း ဝက်ပေး၊ အစာပေးပြီး မွေးခိုင်းတယ်။ သူတို့လည်း အလုပ်ရ၊ ကျွန်တော့်လုပ်ငန်းလည်း အဆင်ပြေတာပေါ့။ အဲဒီလိုနဲ့ ကျွန်တော့်သားလည်း ဆယ်တန်းအောင်တယ်။ သူ့အမေရဲ့ ကြပ်မတ်မှုနဲ့ ပထမတော့ စက်မှုသိပ္ပံတက်ပြီး ဒီပလိုမာရတယ်။ ဒီပလိုမာပြီးတော့ ဆက်တက်ချင်သေးတယ်ဆိုတာကြောင့် စက်မှုတက္ကသိုလ်တက်ပြီး အင်ဂျင်နီယာဘွဲ့ရသွားပြီ။ သမီးကတော့ စီးပွားရေးပညာတတ်တယ်။ သူလည်း ဘွဲ့ရသွားပါပြီ။"**

❑ **"ကျွန်တော့်လုပ်ငန်းမှာပဲ ဆက်ပြီး ဖောက်ချလုပ်နေပါတယ်။ ကျွန်တော်တစ်ခု မြင်မိတာက ဘာအလုပ်ပဲလုပ်လုပ်၊ အလုပ်လုပ်ရင် ပညာတတ်တဲ့ လူနဲ့ ပညာမတတ်တဲ့လူ အတော်လေးကွာပါတယ်။ ကျွန်တော်တို့ ပညာမတတ်တဲ့ သူက ရိုးရိုးသားသား၊ ကြိုးကြိုးစားစား လုပ်ရင် ကြီးပွားတာတော့မှန်တယ်။ ဒါပေမယ့် ရိုးသားကြိုးစားတာချင်းအတူတူ ပညာတတ်တဲ့ လူလုပ်ရင် ပိုပြီးအောင်မြင်တယ်။ ပိုပြီး ကြီးပွားတိုးတက်တယ်။ အဲဒါ ကျွန်တော့် ကိုယ်တွေ့ပါ"**

## စဉ့်ကိုင်မြို့နယ်၌ လုပ်ငန်းထူထောင်မည့်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**စဉ့်ကိုင် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဖွင့်လှစ်သည့် စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်စံပြကျေးရွာ လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင် စံပြကျေးရွာ စက်ချုပ်နည်းပညာ သင်တန်းတို့တွင် လုပ်ငန်းတည်ထောင်မည့် ထူးချွန်သူ ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်စံပြကျေးရွာ၌ ပြုလုပ်သည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ရုံးချုပ်(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဒေါ်ငြိမ်းအေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် စက်ချုပ်နည်းပညာသင်တန်းများမှ လုပ်ငန်းထူထောင်မည့်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ဖျာပုံမြို့၌ ၂၀၂၅-၂၀၂၆ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ဖျာပုံ ဩဂုတ် ၁၈**

ဖျာပုံမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၂၅-၂၀၂၆ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအခမ်း အနားကို ယမန်နေ့က ဖျာပုံမြို့ အထက (၁) ကျောင်း အောင်မြေခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ခရိုင်ပညာရေးမှူး ဦးဝင်းအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းထွန်းဝင်းက ကျောင်းကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ကြရာ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။

အောင်ဝင်းနိုင်
(ပြန်/ဆက်)

## ပေါက်ခေါင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြော

**ပေါက်ခေါင်း ဩဂုတ် ၁၈**

ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများအား အမက (အုန်းရင်း)ကျောင်း၌ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို ရုပ်ပုံပါစာအုပ်ဖြင့် ပုံပြင်ပြောခြင်း၊ စက္ကူပြဇာတ်ဖြင့် ပုံပြင်ပြောပြခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ဖတ်ရှုစေခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဖုန်းကျော်ဇင် (ပြန်/ဆက်)

## ငှက်ပျောနှင့် ဗေဒါ အခြေခံတန်ဖိုးမြှင့် ထုတ်ကုန်နည်းပညာ သင်တန်းဖွင့်

**အမရပူရ ဩဂုတ် ၁၈**

အမရပူရမြို့နယ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်း၌ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့ ပူးပေါင်းဖွင့်လှစ်သည့် ငှက်ပျောနှင့် ဗေဒါ အခြေခံတန်ဖိုးမြှင့် ထုတ်ကုန်နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မီမီစိုးက အမှာစကားပြောကြားပြီး ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။ ယခုဖွင့်လှစ်သည့်သင်တန်းတွင် သင်တန်းဆရာများအဖြစ် Green Banana (myanmar) ရန်ကုန်မှ ဦးမြင့်သိန်းနှင့် နည်းပြဆရာ ခြောက်ဦးတို့က သင်တန်းသား ၃၀ အား သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**



**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

*စာမျက်နှာ ၁၀ မှ*

ဘယ်အချက်တွေက အဓိကလဲဆိုတာပါ”

ကျွန်တော်က မွေးမြူရေးသမားတစ်ဦး၏ အောင်မြင်မှုကို တွေးတွေးဆဆ မေးလိုက်ခြင်း ဖြစ်သည်။

“အဲဒီအောင်မြင်မှုထဲမှာ အဓိကကတော့ နိုင်ငံတော်က ကျွန်တော်တို့ မွေးမြူရေးသမားတွေကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ ငွေချေးပေးတာပဲဆရာရေ။

“လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဆရာ ကျွန်တော်တို့ မိတ္ထီလာကိုလာပြီး မွေးမြူရေးသမားတွေနဲ့ တွေ့တဲ့ အချိန်မှာ ဆရာပြောခဲ့တဲ့စကားတစ်ခွန်းကို ကျွန်တော်တို့ သိပ်ပြီးကြိုက်တယ်။ အဲဒီစကားကြောင့် ကျွန်တော်တို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ချေးငွေယူ၊ လုပ်ငန်းတိုးချဲ့ပြီး လုပ်ခဲ့လို့ အခုလိုအခြေအနေ ရောက်လာတာ။ အဲဒါကြောင့် ဆရာ့ကို ကျေးဇူးတင်လွန်းလို့ ကျေးဇူးတင်စကားလာပြောရင်း ချေးငွေထပ်ယူဖို့လာခဲ့တာပါ”

ဦးစန်းမောင်စကားကြောင့် ကျွန်တော်ပြန်ပြီး စဉ်းစားလိုက်သည်။ ၂၀၂၂ ခုနှစ်က နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေး၊ မွေးမြူရေးသမားများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေလို၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လယ်သမားများ၊ မွေးမြူရေးသမားများကို ငွေချေးပေးလို၍ ဤစီမံကိန်းစခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် လယ်သမားများ စိုက်စရိတ်ချေးငွေရယူချိန်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) ကို စိုက်ပျိုးရေးဘဏ်တွင် အပေါင်ထားခဲ့ရသည်။ စပါးပေါ်ချိန်တွင် စပါးဈေးမကောင်းတာ၊ ရာသီဥတုဖျက်တာ၊ မြေဩဇာအပြည့်အဝ မထည့်နိုင်တာကြောင့် လယ်သမားများ စပါးပေါ်ချိန်တွင် ငွေကောင်းကောင်းပြန်မရ။ သည်တော့ ပုံစံ(၇) ပြန်၍ မရွေးနိုင်။ ဒီသံသရာကိုဖြတ်ချင်၍ နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးသမား၊ မွေးမြူရေးသမားများကို နိုင်ငံ့စီးစွားမြှင့်တင်ရေးရန်ပုံငွေ ချေးပေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် ကျွန်တော် အမြို့မြို့အနယ်နယ် လှည့်ပတ်၍ စိုက်ပျိုးမွေးမြူရေးသမားများ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေယူရန် စည်းရုံးပြောကြားခဲ့ပါသည်။

“အေးဗျာ ကျွန်တော်ပြောခဲ့တဲ့ စကားတွေကတော့ အများကြီးပေါ့။ ဒါပေမယ့် ခင်ဗျားပြောတဲ့ စကားတစ်ခွန်း။ ခင်ဗျားရင်ထဲမှာ ထိမိသွားတဲ့ စကားက ဘာလဲဆိုတာတော့ ခင်ဗျားကိုယ်တိုင်ပြန်ပြောတာ နားထောင်ချင်သေးတယ်”

ကျွန်တော်က ဦးစန်းမောင် မျက်နှာကို ကြည့်၍ မေးဖြစ်လိုက်သည်။

“အဲဒီတုန်းက ဆရာပြောတယ်လေ။ နိုင်ငံတော်အကြီးအကဲက ကျွန်တော်တို့ နိုင်ငံမှာ လူအများစု ၇၀ ရာခိုင်နှုန်းက တောအရပ်မှာနေတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြတယ်။ နိုင်ငံချမ်းသာဖို့ဆိုတာ အဲဒီလူများစု ချမ်းသာမှ နိုင်ငံချမ်းသာမှာ။ အဲဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးသမားတွေ အခက်အခဲမဖြစ်အောင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ ငွေချေးပေးတာ။ နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေး၊ မွေးမြူရေးသမားတွေကို အလကားတောင် ထောက်ပံ့ပေးချင်ပေမယ့် တန်ဖိုးမထားမှာ စိုးတာကြောင့် ငွေချေးပေးတာ။ ငွေချေးပေးတော့ အလဟဿမဖြစ်အောင် ငွေကျပ် ၁၀၀ ကို တစ်နှစ်မှ တစ်ကျပ်တိုးလောက်နဲ့ ချေးပေးတာ။ အဲဒီမှာ ဆရာပြောတဲ့စကားတစ်ခွန်း။ ကျွန်တော်တို့ မွေးမြူရေးသမားတွေ အခုထိ စွဲနေတုန်းပဲ”

ဦးစန်းမောင်က သူ့စကားကို ရပ်၍ ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော်က သိချင်ဇောဖြင့်_

“ပြောလေဗျာ ကျွန်တော်ဘာပြောခဲ့လို့လဲ”

“အဲဒီတုန်းက ဆရာမေးခဲ့တယ်လေ။ ငွေတစ်ရာကို တစ်နှစ်မှ တစ်ကျပ်တိုးနဲ့ ခင်ဗျားတို့ ယောက္ခမတောင် ပေးဖူးသလားလို့။

“ဆရာပြောခဲ့တဲ့ အဲဒီစကား။ ကျွန်တော်တို့ အခုအချိန်အထိ ရင်ထဲစွဲနေတုန်းပဲ။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သလို တချို့သူတွေက စကားရိုင်းရိုင်းပြောမှ မှတ်မိတယ်ဆိုတာလို။ ဆရာ ပြောတဲ့စကားက မရိုင်းပေမယ့် ကျွန်တော်တို့ရင်ထဲ စွဲသွားတယ်။ အဲဒါကြောင့် အဲဒီ နှစ်မှာ ကျွန်တော်ဝက်မွေးမြူရေး နှစ်ယူနစ်စာ ချေးငွေစပြီးယူခဲ့တယ်။ အတော်လေး အဆင်ပြေတာကြောင့် တစ်နှစ်ပြည့်တော့ ပြန်ဆပ်ပြီး ပြီးခဲ့တဲ့နှစ်က ငါးယူနစ်စာချေးငွေယူခဲ့တာ။ အခုလို ဝက်ကောင်ရေ ၂၀၀၀ ကျော်ဖြစ်လာတယ်။ အဲဒါကြောင့် ဒီနှစ်မှာ ၁၀ ယူနစ်စာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထပ်ပြီးယူမယ့်အကြောင်း လာပြောရင်း ကျေးဇူးတင်စကား လာပြောတာပါ”

“အေးဗျာ အခုလိုကြားရတာ ဝမ်းသာပါတယ်။ တိုးတက်အောင်မြင်ပါစေလို့လည်း ဆုတောင်းပါတယ်။ ခင်ဗျားတို့ ဆွေမျိုးတစ်စုမွေးထားတဲ့ ဝက်အကောင် ၂၀၀၀ လောက်ကို ဒီတစ်ပတ် စနေ ကျွန်တော်လာပြီး ကြည့်ပါဦးမယ်”

သည်တစ်ပတ် စနေတော့ ဘကြီးအောင် ဦးစန်းမောင်တို့ရွာ သွားပြီး ကြည့်ရဦးမည်။ ။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဩဂုတ် ၁၈

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။**

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၆)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



ရပ်စောက်မြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၆)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

**သင်တန်းသား (၁)**

ကျွန်တော်က တပ်မတော်ကို ချစ်ပါတယ်။ ကျွန်တော်က တပ်မတော်မှာပဲ နေချင်တာပါ။ ကျွန်တော်အပြင်မှာ နေလို့ရှိရင် အိမ်တောင်မကပ်ဘူး။ အပြင်မှာ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ စည်းကမ်းတော်တော်မဲ့ပါတယ်။ တပ်မတော်ထဲကို ဝင်လာတဲ့အတွက် ကျွန်တော့်ကို ဒီကဆရာတွေက စည်းကမ်းတကျထားတယ်။ အချိန်နဲ့ ထမင်းစားတယ်။ အိမ်မှာဆို အချိန်နဲ့ ထမင်းမစားဘူး။ ဒီရောက်တော့ အချိန်နဲ့ ထမင်းစားတယ်။ အချိန်နဲ့ သွားလာရတယ်။ အဲဒီအတွက် ကျွန်တော့်ကိုကျွန်တော် ပြောင်းလဲသွားမယ်လို့ ယုံကြည်ပါတယ်။ နှစ်နှစ်ကာလက ပြီးဆုံးသွားပေမယ့်လည်း အထက်ကပေးအပ်တဲ့ အမိန့်အတိုင်း ဆက်လက်တာဝန်ထမ်းဆောင်သွားမှာပါ။ ကျွန်တော့်ကို ကျွန်တော်လည်း ဂုဏ်ယူတယ်။ ကျွန်တော့်အမေလည်း ဂုဏ်ယူနေမှာပါ။









**သင်တန်းသား (၂)**

သင်တန်း လာတက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ဖို့ လာတက်ရောက်တာဖြစ်ပါတယ်။ အရပ်သားဘဝနဲ့ နည်းနည်းတော့ ပြောင်းလဲကွာဟမှုတော့ရှိတယ်။ အရပ်သားဘဝမှာက အကျီဝတ်တာကအစ၊ စားတာသောက်တာကအစ နည်းနည်းလေး စည်းမရှိတာလည်း ပါခဲ့တာပေါ့။ လက်ရှိစစ်မှုထမ်းဆောင်စဉ်ကာလ စစ်တပ်ထဲရောက်တော့ ကျွန်တော်တို့ရဲ့ ပုံစံတွေက အားလုံးစည်းကမ်းတကျ ဖြစ်သွားတယ်ပေါ့။ သင်တန်းဆင်းပြီးတဲ့ အခါကြတော့လည်း မိခင်တပ်ရင်းကို ရောက်လို့ရှိရင် အထက်ကပေးအပ်တဲ့ တာဝန်တွေကို ဆက်လက်ပြီး လုပ်ဆောင်သွားပါမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ **သတင်းစဉ်**



ဟိုပုံးမြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် တာဝန်ရှိသူများနှင့်အတူ သင်တန်းသားများအား တွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အခြေခံပညာ ကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်



**စစ်တွေ ဩဂုတ် ၁၈**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အခြေခံပညာကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အားကစားသမားများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းပေါင်းစုံအေရိုးဗစ်ပြိုင်ပွဲအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လက်ခံရယူ၍ကျောင်းသူလေးများက အေရိုးဗစ်အကဖြင့် သရုပ်ပြကြသည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသော တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားသို့တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အနာဂတ်တွင် ပိုမို ထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန်နှင့် မိမိဒေသ ပတ်ဝန်းကျင် အသိုင်းအဝန်းအတွက် တန်ဖိုးရှိသော လူငယ်တိုင်းရင်းသားများ ဖြစ်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ ချုပ်ထည်များကို ကြည့်ရှုအားပေးခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၈**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)၊ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယကတိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်၊



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များအား ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့စစ်ဆေးရေးမှူး ဗိုလ်မှူးချုပ် ကိုကိုဝင်း(ငြိမ်း)က စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းတပ်ရင်းတွင် တစ်နှစ် ဆက်လက်တာဝန်ထမ်းဆောင်မည့် အရာရှိ/စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား

**နေပြည်တော် ဩဂုတ် ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း အခြေခံပညာကျောင်း ခုနစ်ကျောင်းအား ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့၍ စုစုပေါင်း ၇၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသားကျောင်းသူ ၅၇၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၉၇၃ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၂ ဦးကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန်လိုအပ်သည့် လူနာကိုးဦးကို ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၅၆ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခဲ့ကြောင်းနှင့် အတွင်းလူနာအဖြစ် ဒေသခံပြည်သူ ၃၀ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ဖြစ်လာမှာပါ။ နောက်ပြီး ဩစတြေးလျဟာ ဆီမီးဖိုင်နယ်မှာ အိမ်ရှင်ဗီယက်နမ်ကို ပုံစံကောင်းပြပြီး အနိုင်ရခဲ့တာကြောင့် သူတို့အသင်းက ကစားသမားအားလုံးကို သတိထားရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကျွန်တော့်အသင်းက ကစားသမားတွေ ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝလာဖို့နဲ့ ဗိုလ်လုပွဲအတွက် အသင့်ဖြစ်အောင် လုပ်ဆောင်နေပါတယ်။ ဝင်းသီဂီထွန်းဟာ အသင်းအတွက် အလွန်အရေးပါတဲ့ ကစားသမားပါ။ ဒီပြိုင်ပွဲမှာ သွင်းဂိုး ခုနစ်ဂိုးနဲ့ ဂိုးအများဆုံးသွင်းယူထားပါတယ်။ ဝင်းသီဂီထွန်းရဲ့ စွမ်းဆောင်ရည်ကို အထူးကျေနပ်မိပါတယ်။ ထို့အတူ အသင်းရှိ အခြားကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကိုလည်း အသိအမှတ်ပြုချီးကျူးပါတယ်။ ကစားသမားအားလုံး ဗိုလ်လုပွဲမှာ အကောင်းဆုံး လုပ်နိုင်မယ်လို့ ယုံကြည်ထားပါတယ် ”ဟု ပြောကြားခဲ့သည်။ မြန်မာအသင်းခေါင်းဆောင် ခင်မာလာထွန်းက “မနက်ဖြန်ကစားရမယ့် ဗိုလ်လုပွဲက အလွန်အရေးကြီးတဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာအသင်းဟာ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်မှာ နှစ်ကြိမ် ဗိုလ်စွဲခဲ့ဖူးပေမယ့် ဗိုလ်လုပွဲနဲ့ ဝေးကွာနေတာ ၁၀ နှစ်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီဗိုလ်လုပွဲဟာ နိုင်ငံအတွက်၊ ပြည်သူ့အတွက်၊ ကစားသမားတွေအတွက် အလွန်အရေးပါတာမို့ ချန်ပီယံဆုဖလားကိုင်မြှောက်ပြီး အိမ်ပြန်နိုင်ဖို့ တစ်သင်းလုံး အကောင်းဆုံးကြိုးစားသွားမှာဖြစ်ပါတယ်။ ချန်ပီယံဆုရခဲ့ရင် ပြည်သူတွေ၊ လူငယ်မျိုးဆက်သစ် ကစားသမားတွေအတွက် စိတ်ဓာတ်ခွန်အား ဖြစ်စေမှာမို့ အလေးအနက်ထားယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

ဩစတြေးလျအသင်း နည်းပြချုပ် ဂျိုးပါလတ်ဆီဒက်စ်က “မြန်မာအသင်းနဲ့ အုပ်စုအဖွင့်ပွဲစဉ်မှာ ဆုံခဲ့စဉ်က ကျွန်တော့်အသင်းပုံစံက အကောင်းဆုံးမှာ ရှိမနေပါဘူး။ အဲဒီပွဲပြီးနောက်ပိုင်း ကျွန်တော်တို့ဟာ လေ့လာသင်ယူမှု၊ ပြောင်းလဲမှုတွေ လုပ်ခဲ့တာကြောင့် လက်ရှိမှာတော့ ပုံစံကောင်းတစ်ခု ရရှိနေပြီဖြစ်ပါတယ်။ ဒီပြိုင်ပွဲက ၁၄ ရက်အတွင်း ၅ ပွဲ ကစားရတာမို့ ကစားသမားတွေအတွက် အလွန်ခက်ပြီး ကြံ့ခိုင်မှုပြည့်ဝဖို့ မလွယ်ပါဘူး။ ဒီတော့ ကျွန်တော်က ပွဲစဉ်တိုင်းမှာ ကစားသမားအပြောင်းအလဲ များစွာလုပ်ခဲ့ပါတယ်။ ကစားပုံကိုလည်း အမျိုးမျိုးပြောင်းလဲခဲ့တယ်။ ဒါပေမယ့် ကျွန်တော်လိုချင်တဲ့ပုံစံကို ကစားသမားတွေ သိရှိသွားပြီဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာတော့ အပြောင်းအလဲ အများကြီးမရှိလောက်ပါဘူး။ မြန်မာအသင်း တိုက်စစ်မှူး ဝင်းသီဂီထွန်းက ထူးချွန်တဲ့ ကစားသမားပါ။ မြန်မာအသင်းမှာ ကစားသမားကောင်းတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သေချာပြင်ဆင်ကစားသွားရမှာဖြစ်ပါတယ် ” ဟု ပြောကြားခဲ့သည်။

ဩဂုတ် ၁၉ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် တတိယလုပွဲအဖြစ် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် ဩစတြေးလျအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲတွင် အုပ်စုတွင်းပြိုင်ဘက်ဟောင်း ဩစတြေးလျအသင်းနှင့် ပြန်လည်တွေ့ဆုံနေခြင်းဖြစ်ပြီး နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရထားသော်လည်း ဩစတြေးလျအသင်းက မြန်မာအသင်းကို အရေးနိမ့်ပြီးနောက် နောက်ပိုင်းပွဲများတွင် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်လာသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၀၄ နှင့် ၂၀၀၇ ခုနှစ်တွင် ချန်ပီယံဆုရခဲ့ပြီး ၁၈ နှစ်အကြာတွင် ချန်ပီယံဆု တစ်ကျော့ပြန်ရယူနိုင်ရန် အနီးစပ်ဆုံးအနေအထားသို့ ရောက်ရှိနေသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ–MFF**

## အများပြည်သူဆိုင်ရာနေရာများတွင် အီးစီးကရက်သောက်ခြင်းကို စင်ကာပူ၌ ပြင်းထန်စွာတားမြစ်

**စင်ကာပူ ဩဂုတ် ၁၈**

အများပြည်သူသယ်ယူပို့ဆောင်ရေး ကွန်ရက်အတွင်း အီးစီးကရက်သောက်ခြင်းကို ပြင်းထန်စွာတားမြစ်လိုက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အမြဲကင်းလှည့်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က ဩဂုတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။




အီးစီးကရက်သောက်သူများကို ဖမ်းဆီးရမိပါက ၎င်းတို့ကို အများပြည်သူဆိုင်ရာနေရာများမှ ဖယ်ရှားပြီး အာဏာပိုင်များထံ သတင်းပေးပို့သွားမည်ဖြစ်သည်။

အရက်မူးနေသူများတွေ့ရှိပါကလည်း ရဲတပ်ဖွဲ့သို့ ဖုန်းခေါ်ဆိုနိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကဖေ့ဘွတ်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

ဩဂုတ် ၁၈ ရက်တွင် တွေ့ရသော အခြားပို့စ်တစ်ခုတွင် သယ်ယူပို့ဆောင်ရေးအော်ပရေတာ SMRT က အီးစီးကရက်ပြစ်မှုများကို အာဏာပိုင်များထံ တိုင်ကြားရန် ပြည်သူများကို တိုက်တွန်းခဲ့သည်။

စင်ကာပူတွင် အီးစီးကရက်သောက်ခြင်းကို တရားမဝင်အဖြစ် သတ်မှတ်ထားပြီး ပြစ်မှုကျူးလွန်သူများသည် ဒဏ်ငွေ စင်ကာပူဒေါ်လာ ၂၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၅၉ ခန့်) အထိ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## မြို့တော်ဒေလီရှိ စာသင်ကျောင်းအများအပြား ဗုံးခြိမ်းခြောက်စာများလက်ခံရရှိ

**နယူးဒေလီ ဩဂုတ် ၁၈**

အိန္ဒိယနိုင်ငံ၏ မြို့တော်ဒေလီရှိ စာသင်ကျောင်းအများအပြားသည် ဩဂုတ် ၁၈ ရက်က ဗုံးခြိမ်းခြောက်မှုများ လက်ခံရရှိပြီးနောက် အာဏာပိုင်များက အဆိုပါပညာရေးကျောင်းများသို့ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဗုံးရှင်းလင်းရေးအဖွဲ့များကို အလျင်အမြန် စေလွှတ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။

တာဝန်ရှိသူများ၏ ပြောကြားချက်အရ ဒွါရ်ကာမြို့ရှိ စာသင်ကျောင်းလေးကျောင်းမှာ အမည်မသိပေးပို့သူများ၏ ခြိမ်းခြောက်စာများ လက်ခံရရှိခဲ့ပြီး ရဲတပ်ဖွဲ့ထံ အကြောင်းကြားခဲ့ကြောင်း သိရသည်။ ထို့နောက် ဗုံးရှာဖွေရေးနှင့် ဖယ်ရှားရှင်းလင်းရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များကို အဆိုပါ စာသင်ကျောင်းများသို့ အလျင်အမြန် စေလွှတ်ခဲ့ရသည်ဟု ဆိုသည်။

သို့သော်လည်း သံသယဖြစ်ဖွယ် တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိခြင်း မရှိကြောင်း၊ အဆိုပါဗုံးခြိမ်းခြောက်စာများမှာ လိမ်လည်မှုများသာဖြစ်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။




ဗုံးခြိမ်းခြောက်ခံရသည့် စာသင်ကျောင်းတစ်ကျောင်း၌ သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်နေစဉ်။

ဒေသတွင်းသတင်းစာ The Indian Express ၏ ဖော်ပြချက်အရ ဒေလီရှိ စာသင်ကျောင်း ၂၀ မှာ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ဗုံးခြိမ်းခြောက်သည့် အီးမေးလ်များကို လက်ခံရရှိခဲ့သည့်အတွက် အာဏာပိုင်များက အဆိုပါ စာသင်ကျောင်းဝင်းများအတွင်း ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့်လကလည်း ဒေလီရှိ စာသင်ကျောင်းအများအပြားမှာ အလားတူ ဗုံးခြိမ်းခြောက်သည့် အီးမေးလ်များ လက်ခံရရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင်လိမ်လည် လုပ်ကြံမှုအဖြစ် ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ပြီးခဲ့သည့်နှစ်တွင် နိုင်ငံတစ်ဝန်းရှိ လေကြောင်းလိုင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဟိုတယ်များ၌ လှည့်ဖြားခြိမ်းခြောက်မှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဆင်ဟွာ

## ဂျပန်နိုင်ငံ အိုဆာကာ၌ မီးလောင်မှုဖြစ်ပွား မီးသတ်သမားနှစ်ဦးသေဆုံး

**တိုကျို ဩဂုတ် ၁၈**

အိုဆာကာမြို့၏ လူစည်ကားသောနေရာတွင် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ခုနစ်ထပ်အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်သမားနှစ်ဦးသေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။

**မီးလောင်မှုဖြစ်ပွား**

ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ခန့်တွင် အိမ်ရာအဆောက်အအုံ စားသောက်ဆိုင်ပထမထပ်မှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားရာနေရာမှ ရိုက်ကူးထားသည့် ဗီဒီယိုတွင် အနက်ရောင် မီးခိုးလုံးများနှင့် အနီရောင်မီးတောက်များသည် မြစ်ကမ်းစပ်အနီးရှိအိမ်ရာအဆောက်အအုံ စားသောက်ဆိုင်မှအပေါ်သို့ အလိပ်လိုက် အလိပ်လိုက်တက်လာသည်ကို မြင်တွေ့နိုင်မည်ဖြစ်သည်။

**မီးသတ်ယာဉ်များစေလွှတ်**

မီးငြိမ်းသတ်ရန် မီးသတ်ယာဉ် ၅၁ စီးနှင့် ရဟတ်ယာဉ်တစ်စင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များက စေလွှတ်ခဲ့သည်။ အဆောက်အအုံ၏ အစိတ်အပိုင်းများနှင့် ကပ်လျက်အဆောက်အအုံအပါအဝင် စတုရန်းမီတာ ၄၀ ခန့် မီးလောင်ကျွမ်းခဲ့ပြီး သုံးနာရီကြာပြီးနောက် အကြီးအကျယ်လောင်ကျွမ်းခဲ့သော မီးကို ထိန်းချုပ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ရဲတပ်ဖွဲ့နှင့် မီးသတ်အာဏာပိုင်များက ဆက်လက်စုံစမ်းလျက်ရှိသည်။ အဆိုပါနေရာသည် ခရီးသွားများနှင့် ဈေးဝယ်သူများဖြင့်စည်ကားသော အိုဆာကာမြို့ မီနာမီဖျော်ဖြေရေးခရိုင်၏ အလယ်ဗဟိုတွင်တည်ရှိသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်ပြည်နယ်၌ မူးယစ်ဆေးဝါး မှောင်ခိုကူးသူ ၁၆ ဦးကို ဖမ်းဆီး

**ကဘူးလ် ဩဂုတ် ၁၈**

အာဖဂန်မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် အာဖဂန်အနောက်ပိုင်း ဟီရတ်ပြည်နယ်၌ ပြီးခဲ့သည့်သီတင်းပတ်ကျော်အတွင်း မူးယစ်ဆေးဝါး မှောင်ခိုကူးသူ ၁၆ ဦးကို ဖမ်းဆီးထိန်းသိမ်းထားပြီး မူးယစ်ဆေးဝါး ၈၇၂ ကီလိုဂရမ်ကို သိမ်းဆည်းရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၁၈ ရက်တွင် ထုတ်ပြန်ထားသည်။

ပြည်နယ်မြို့တော် ဟီရတ်မြို့နှင့် ပတ်ဝန်းကျင်ခရိုင်များတွင် ပုံမှန်စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်နှင့် စိတ်ကြွဆေးပြားများကို သိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အာဖဂန်ကြားဖြတ်အစိုးရသည် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် နိုင်ငံကို မူးယစ်ဆေးဝါးကင်းစင်ရေးပြုလုပ်ရန် ဘိန်းဖြူနှင့် ဆက်စပ်သည့်ပစ္စည်းများ ထုတ်လုပ်ခြင်းကို ပပျောက်ရန် ကတိပြုပြီး တရားမဝင်မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးများ ကုန်ကူးခြင်းကို တိုက်ဖျက်ရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဆင်ဟွာ

## အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့ပိုင်း၌ ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင် လှုပ်ခတ်

**အယ်လ်ဂျီးယား ဩဂုတ် ၁၈**

အယ်လ်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်း တက်ဘက်ဆာပြည်နယ်၌ ဩဂုတ် ၁၇ ရက် ဒေသစံတော်ချိန် ၂၀ နာရီ ၁၁ မိနစ်တွင် ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း နက္ခတ္တဗေဒ၊ ရူပနက္ခတ္တဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ သုတေသနစင်တာ(စီအာအေအေဂျီ) က ထုတ်ပြန်ထားသည်။

ငလျင်ဗဟိုချက်မှာ တက်ဘက်ဆာပြည်နယ် နီဂရင်းမြို့၏ အရှေ့တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။

ယင်းငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ဒေသစံတော်ချိန် ၂၀ နာရီ ၂၂ မိနစ်တွင် ပြင်းအား ၄ ဒသမ ၇ အဆင့်ရှိ ဒုတိယအကြိမ်ငလျင်တစ်ကြိမ်ထပ်မံလှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်ဗဟိုချက်မှာ နီဂရင်းမြို့၏ အရှေ့တောင်ဘက် ၂၆ ကီလိုမီတာခန့်အကွာတွင် တည်ရှိကြောင်း စီအာအေအေဂျီက ထုတ်ပြန်ထားသည်။

ခန်ချီလာ၊ ဆုခ်အာရတ်စ်နှင့် အယ်လ်အိုရွတ်မြို့တို့အပါအဝင် အနီးဝန်းကျင်ရှိဒေသအများအပြားတွင် ငလျင်လှုပ်ခတ်မှုကို သိသိသာသာခံစားရကြောင်း သိရသည်။ ငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုနှင့် အသေအပျောက်စာရင်းကို ယခုအချိန်အထိ မသိရှိသေးပေ။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားဆိုင်ရာ အခြေခံအဆောက်အအုံများဆောက်လုပ်ရန် လက်မှတ်ရေးထိုး

**ကဘူးလ် ဩဂုတ် ၁၈**

အာဖဂန်နစ္စတန် လျှပ်စစ်ဓာတ်အားကုမ္ပဏီဖြစ်သည့် ဒါအာဖဂနစ္စတန်ဘရက်ရှ်နားရှာကတ်သည် နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် အမေရိကန်ဒေါ်လာ ၄၁ သန်းခန့်တန်ဖိုးရှိ စာချုပ်များကို လက်မှတ် ရေးထိုးခဲ့ကြောင်း အဆိုပါကုမ္ပဏီက ဩဂုတ် ၁၆ ရက်တွင် ပြောသည်။



အဆိုပါ စာချုပ်များတွင် ဓာတ်အားလိုင်းများ တိုးချဲ့ခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းအပါအဝင် အဓိကစီမံကိန်း သုံးခုပါဝင်ကြောင်း သိရသည်။ နှစ်နှစ်အတွင်း အပြီးတည်ဆောက်မည့် အဆိုပါစီမံကိန်းများက ဟီရတ်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို သိသိသာသာ တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပြီး တည်ငြိမ်မှုရှိအောင်လည်း လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် မကြာခဏ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့နေရပြီး အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းသော လျှပ်စစ်ဓာတ်အားများအပေါ် မှီခိုအားထားနေရကြောင်း သိရသည်။ ဆင်ဟွာ

## ဘားအံမြို့နယ် ရွှေဘုန်းကံ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းသားများနှင့် တွေ့ဆုံ

**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် မုက္ကဒိကျေးရွာရှိ ရွှေဘုန်းကံ စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်းသို့ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသွားရောက်၍ အဆိုပါအသင်းရှိ အသင်းသားတောင်သူများအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည်။(ယာပုံ)

အဆိုပါ ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်က သမဝါယမဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ မိုးစပါးစိုက်ပျိုးရေး စီမံကိန်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အသင်းသားများလိုအပ်သည့် စိုက်ပျိုးရေး နည်းပညာဆိုင်ရာ ကိစ္စရပ်များအတွက် စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ပညာပေး ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ နိုင်ငံတော်ဘတ်ဂျက်မှ ၅၀ ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် ဒေဒေါင်း လယ်ယာသုံးစက်ကိရိယာများအား အသင်းသားများ၏ လယ်ယာများတွင် သက်သာသော နှုန်းထားများဖြင့် ထွန်ယက်ရယူ ဆောင်ရွက်ပေးမှုအခြေအနေများ၊



လုပ်ငန်းစတင် လည်ပတ်သည့် အချိန်မှစတင်၍ ယခုလက်ရှိအထိ ရရှိသည့် ထွန်ယက်ခများကိုအသင်း ပိုင်အနေဖြင့် ရန်ပုံငွေထားရှိမှုအခြေ အနေများအား ရှင်းလင်းဆွေးနွေး ခဲ့သည်။ ထို့နောက် အသင်းသား များက သိရှိလိုသောအချက်များ ကိုမေးမြန်းရာ ညွှန်ကြားရေးမှူး က ပြန်လည်ဆွေးနွေးဖြေကြားခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော် သီရိဂါမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အနေဖြင့် ဥတ္တရသီရိမြို့နယ်ရှိ လုပ်ငန်းရှင်



များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် က ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ၌ ကျင်းပသည်။(ဝဲပုံ)

ဦးစွာ ဥတ္တရသီရိမြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာ စကားပြောကြားပြီး သီရိဂါမြို့နယ် အခွန်ဦးစီးဌာနမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးလှငွေက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန် အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှင်းလင်းတင်ပြ သည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင် စုစုပေါင်း ၅၆ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## မုဒုံမြို့နယ် ကော့ပရံစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ မိုးစပါးစိုက်ပျိုးမှုများအား ကွင်းဆင်းကြည့်ရှု

**မုဒုံ ဩဂုတ် ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ပရံကျေးရွာရှိ ကော့ပရံစိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ လယ်မြေများတွင် မိုးစပါးစိုက်ပျိုးထားမှုကို ပြည်နယ်သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးနှင့်အတူ ကွင်းဆင်းအဖွဲ့က မိုးစပါးစိုက်ခင်းများသို့ ကွင်းဆင်း ကြည့်ရှုခဲ့ပြီး အသင်းအမှုဆောင် များ၊ အသင်းသားတောင်သူများ နှင့်တွေ့ဆုံခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက အသင်းသားတောင်သူများ မိုးစပါး စိုက်ပျိုးမှုနှင့်ပတ်သက်၍ ပန်းတိုင် အထွက်နှုန်းရရှိပြီး တောင်သူများ ဝင်ငွေတိုးပွားရေး၊ စိုက်ခင်းများကို ပိုးမွှားရောဂါ မကျရောက်စေရေး၊ မြေဩဇာများ အချိန်ကာလ အလိုက် စနစ်တကျထည့်သွင်းနိုင် ရေးနှင့် စိုက်ပျိုးစဉ်ကာလအတွင်း



လိုအပ်ချက်များကို ဦးစီးဌာနသို့ အချိန်မီတင်ပြနိုင်ရေး ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံး



ယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံ ထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ NCX Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံ ထုတ် WUYANG HONDA အမျိုးအစား လျှပ်စစ်သုံးမော်တော် ဆိုင်ကယ်များနှင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ် သုံး မော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာ သဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်း နှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များ နှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများ အား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လုံးပါး ပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဘူးသီးတောင် မြို့နယ်အတွင်း ငှက်သေကျေးရွာအုပ်စု ထန်းရှောက်ခံကျေးရွာမှ ဒေသခံဘင်္ဂါလီရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးတုံးသတ်ဖြတ်ခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထက (ဘီးလင်း)၌ ကျင်းပ

**ဘီးလင်း ဩဂုတ် ၁၈**

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ အထက(ဘီးလင်း) ကျောင်းပညာ့အားမာန်ခန်းမ၌ကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင်မွန်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းက ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုကို ရှင်းလင်းပြောကြား၍ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ကာတွန်း ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် တာဝန်ရှိ သူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိ

**(၁၈-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၀-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၇-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၃၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက် ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လ နှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူ ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက် များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

ပီအက်စ်ဂျီအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံး ခဲ့သည့်အပြင် အသင်းတိုက်စစ်က ဂိုးပေါက်တည့်မတ်အောင်ပင် စွမ်းဆောင် နိုင်ခြင်းမရှိခဲ့ပေ။ ပွဲကစားချိန် ၇၇ မိနစ်တွင် ပီအက်စ်ဂျီအသင်း တိုက်စစ် ကစားသမား ရာမို့စ်အသင်းအတွက် ဒုတိယမြောက်သွင်းဂိုး သွင်းယူ နိုင်ခဲ့သော်လည်း ဗီအေအာရ်ပြန်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက် ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ပရီမီယာလိဂ်ကလပ် ဘုန်းမောက်အသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၅၇ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာသော အီလီယာဇာဘာညီ သည် ပီအက်စ်ဂျီအသင်းတွင် ပွဲဦးထွက်ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ခြေစွမ်း ကောင်းအချို့ပြသနိုင်ခဲ့သည်။ လူးဝစ်အင်းနရစ်၏ ပီအက်စ်ဂျီအသင်း သည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ယူအီးအက်ဖ်အေ စူပါဖလားဗိုလ်လုပွဲတွင် စပါးအသင်းကို ပယ်နယ်တီအဆုံးအဖြတ် တွင် နိုင်ပွဲရယူကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ယူအီးအက်ဖ်အေ စူပါဖလားကို ဆွတ်ခူးအောင်ပွဲခံနိုင်ခဲ့သည်။

**အောင်ဇော်**

# မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကြိုးပမ်း




**နေပြည်တော် ဩဂုတ် ၁၈**

မွေးမြူရေးသုတေသနဆိုင်ရာဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ(**ယာပုံ**) ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဖွံ့ဖြိုးရေးနှင့် တိုးတက်အောင်မြင်ရေးအတွက် သုတေသနလုပ်ငန်းကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းမှုမှ ထွက်ပေါ်လာသည့် သုတေသနရလဒ်ကောင်း တစ်ခုက အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေနိုင်သည်ကို သတိပြု၍ မိမိတို့နိုင်ငံ၏ မွေးမြူရေးကဏ္ဍ ပြောင်းလဲတိုးတက်ရေးအတွက် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မွေးမြူရေးသုတေသနဆိုင်ရာများကို တင်ပြပြီး ပညာရှင်များက ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁) မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော အမျိုးသားကင်ဆာရောဂါကုသရေးဌာန (Oncology Unit) အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**



**ဆွေးနွေးမှာကြား**

ထိုသို့ကြည့်ရှုစဉ် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးလုပ်ငန်းများ သွယ်တန်း ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အမျိုးသားကင်ဆာရောဂါကုသရေးဌာန (Oncology Unit) အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယမန်နေ့ နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် မော်တော်ယာဉ်ထားရှိသည့် အဆောက်အအုံနှင့် မြေထိန်းနံရံများပြုပြင်ဆောင်ရွက်နေမှု၊ နံရံနှင့် မျက်နှာကြက်များ ဆေးသုတ်နေမှု၊ အဆောက်အအုံအတွင်းရှိ လှေကားများကြံ့ခိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေပိုက်များ ရှေးခေတ်ပုံစံအတိုင်း ဆောင်ရွက်ရေး၊ ပြတိုက်အတွင်းရှိ ရေကန်ကို မူလပုံစံအတိုင်း ပြုပြင်ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)ရှိ ဝန်ကြီးများရုံးအဆောက်အအုံ Foundation နိမ့်ကျမှု ထပ်မံမဖြစ်ပေါ်စေရေးအတွက် Strengthening ပြုလုပ်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် ငါးဖမ်းစက်လှေများ၊ သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၄ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၅၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၁၅၉,၉၀၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ထားဝယ်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၈၂၈ တန်၊ မီးသွေး ၇ ဒသမ ၃၆၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၂၆၄ ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည် စက်လှေရှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၇၀၅၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၀၄၇၆၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖျာပုံခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၅၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၄၂၈)ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့အကျော်ရေဝန်းကျေးရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၉၆၂၆၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Genlvon Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တံတားဦးမြို့နယ် ကူးတို့ဆိပ်ကျေးရွာနှင့် ပုဏ္ဏားခြံကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၃၇ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၅၀၂၁၁)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၄၁၂၈၆၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုအကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် နတ်တလင်းခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၈၄၇ တန်၊ သစ်မာ ၂ ဒသမ ၅၁၇ တန်၊ အခြားသစ် ၁ ဒသမ ၂၄၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၄၆၁၅) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၉၄၆၁၅ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ကိုးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၃၈၇၅၇၂)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**






မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

# ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း (၁-၈-၂၀၂၅ ရက်နေ့မှ ၁၅-၈-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>မုဒုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့် နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**



## နည်းပညာတက္ကသိုလ်(ပြည်)၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

**ပြည် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နည်းပညာတက္ကသိုလ်(ပြည်)၌ ယမန်နေ့က စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ **(ဓါတ်ပုံ)**

ဦးစွာ အဆိုပါတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြန်နန္ဒာလွင်က အမှာစကားပြောကြားပြီး ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက စားသုံးသူအခွင့်အရေး (၈) ချက်နှင့် လိုက်နာဆောင်ရွက်ရမည့် အချက် (၄) ချက်အကြောင်း၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာနှင့်စားသုံးသူ နစ်နာဆုံးရှုံးမှုအတွက် တိုင်ကြားဆောင်ရွက်နိုင်သည့်နည်းလမ်းများအကြောင်းနှင့် အွန်လိုင်းစနစ်ရောင်း/ဝယ်မှု၏ စားသုံးသူကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကို ဆွေးနွေးဟောပြောသည်။ ထို့နောက် ဟောပြောဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြရာ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အသီးသီး၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်း MEVM ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းများဖွင့်




လပွတ္တာမြို့နယ်၌ မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက်တွင်ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နိုင်နိုင်ဝင်းတို့က မဲဆန္ဒရှင်များ စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ ဟိန်းထက်လင်း(ပြန်/ဆက်)



ဇနုဖြူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၁၈ ရက်တွင် ပြည်လုံးချမ်းသာစေတီတော် မြတ်ကြီးနှင့် ပိဋကတ်သုံးပုံကျောက်စာတိုက်ကြီး၏ ဘုရားဝင်းအတွင်း ဗိမာန်၌ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်လွင်နှင့် တာဝန်ရှိသူများက မဲဆန္ဒရှင်များအား ရှင်းလင်းပြသစဉ်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



ကျောက်တံခါးမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက်တွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်ဆွေနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဇော်တို့ ပါဝင်စမ်းသပ်မဲပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ တပ်နယ်မှ အရာရှိများ၊ စစ်သည်များ၊ ရဲမေများနှင့် မိသားစုဝင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးခြင်းကို ဩဂုတ် ၁၈ ရက်တွင် မိုင်းပျဉ်းတပ်နယ် မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဦးက ကြည့်ရှုအားပေးစဉ်။ နန်းသန္တာဦး(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက်တွင် ကျင်းပရာ ပြည်သူများ စမ်းသပ်မဲပေးနေမှုကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေမင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်နှင်းဝါမြင့်တို့ ကြည့်ရှုအားပေးစဉ်။ ကျော်ဇင်စိုး(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# Esports World Cup 2025
# World Cup Champion
# (Myanmar)
# မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ
# "Yangon Galacticos"အသင်းနှင့်
# "Myanmar Electronic Sports Federation"မှ
# (အထူးကျေးဇူးတင်ဂုဏ်ပြုလွှာ)

မြန်မာနိုင်ငံလူငယ်များအတွင်း မြန်မာ့ Esports အားကစား တိုးတက်အောင်မြင်ရေး
အတွက် MESF စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ အဖွဲ့ချုပ်နှင့် Esports အားကစား
လူငယ်များအပေါ် ယုံကြည်စွာဖြင့် မားမားမတ်မတ်ရပ်တည် စောင့်ရှောက်ကူညီပေးခဲ့ပြီး
ယခုကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ရသည်ထိ မြန်မာ Esports အားကစားကဏ္ဍ
တိုးတက်ရေးအတွက် ကျပ်သန်းပေါင်း(၄)ထောင်ကျော် မတည်လှူဒါန်း
စောင့်ရှောက်ပေးခဲ့ပါသော KBZPay ၊ KBZ Bank/KBZ Group တို့၏

KBZ BANK KBZ Pay KBZ GROUP

KBZ Bank နှင့် KBZ Group တည်ထောင်သူ
နာယကကြီး ဦးအောင်ကိုဝင်း
KBZPay တည်ထောင်သူ MESF ၏ ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းလိုင်းခမ်း၊
KBZPay တည်ထောင်သူ MESF ၏ ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းခမ်းနောင့်
တို့အား မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်
နာယကများနှင့် အလုပ်အမှုဆောင်များ၊ အားကစားလူငယ်များအားလုံးမှ
အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း လေးစားစွာဖြင့် ဖော်ပြအပ်ပါသည်။

ဒေါက်တာကောင်းမြတ်စံ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (စက်ရုံ)ကျောင်း၊ Grade-12, ကျောင်းဝင်အမှတ် (၀၇၀၉)၊ မပန်းအိဇင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၁၄/ဝခမ(နိုင်)၁၅၉၆၁၀ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (စက်ရုံ)ကျောင်း၊ GRADE-10, ကျောင်းဝင်အမှတ် (၀၄၂၂)၊ မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၁၄/မမက(နိုင်)၁၇၅၀၂၃ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ အထက (ညောင်ပင်သာ) ကျောင်းမှ လက်ထောက်မူပြဆရာမ ဒေါ်ကေသွယ်ဝင်း ၇/ဖမန(နိုင်)၀၆၂၆၆၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၅-၁၉၉၁ဖြစ်ပါကြောင်း။

**ဒေါ်ကေသွယ်ဝင်း**

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ အထက (ညောင်ပင်သာ) ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ချိုချိုလှ ၇/ဖမန(နိုင်)၀၈၂၁၄၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၆-၁၉၆၆ ဖြစ်ပါကြောင်း။

**ဒေါ်ချိုချိုလှ**

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် စမ်းချောင်းမြို့နယ်၊ စမ်းချောင်းအဆင့်မြင့်အိမ်ရာရှိ တိုက်ခန်းအား အမည်ပေါက်(၃) ဦးအနက် (၁)ဦး ကွယ်လွန်၍ ကျန်(၂)ဦးနှင့်ကွယ်လွန်သူ၏ ညီမများထံမှ ဝယ်ယူထားသူမှ ၎င်း၏အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်း လျှောက်ထားသူ | လျှောက်ထားသည့် တိုက်ခန်းလိပ်စာ |
|---|---|---|---|
| ၁။ | ဒေါ်သီရိထွး ၁၂/အလန(နိုင်)၀၃၇၀၂၀<br>ဦးမင်းဝင့်ဦး ၁၂/ဗဟန(နိုင်)၀၀၄၂၅၄<br>ဦးဇော်မြင့်သွင်၁၂/အလန(နိုင်)၀၃၈၈၂၉(ကွယ်လွန်)<br>ဒေါ်စာဖြူကျော် ၁၂/အလန(နိုင်)၀၃၈၈၅၃<br>ဒေါ်ရွှေရောင်ခ ၁၂/အလန(နိုင်)၀၅၂၃၃၈ (မှ) | ဒေါ်အေးအေးမှု ၆/ထဝန(နိုင်)၀၅၀၁၂၀ | တိုက်(B)၊အခန်း(B-051)၊ စမ်းချောင်းအဆင့်မြင့်အိမ်ရာအိမ်ရာ၊ စမ်းချောင်းမြို့နယ်။ |

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် ခ-၅၊ ဦးပိုင်အမှတ် ၁၈/၄၂လမ်း၊ ၆၆x၆၇လမ်းကြားရှိ ဦးခင်မောင်မြင့်၊ ဒေါ်ဝင်းဝင်းမြင့်တို့အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးခင်မောင်မြင့် ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်ဝင်းဝင်းမြင့် ၉/မရမ(နိုင်)၀၇၇၅၄၁က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဘုရင့်နောင်)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်(ဆ/၁၀)၊ ဧရိယာ(၄၀ပေ x ၆၀ပေ) အကျယ်ရှိ လူနေပွဲရုံဆိုင်ခန်းနှင့် ထိုဆိုင်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြသော ဦးဝင်းမြိုင် ၁၂/ ကမရ(နိုင်) ၀၄၄၁၅၁၊ ဦးစစ်မြိုင် ၁၂/လမတ(နိုင်) ၀၀၄၀၁၆တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် ပွဲရုံဆိုင်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသည့်မူရင်းစာရွက် စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကိုဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအောင် LL.B,Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၄၁၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ(၅)လမ်းအနောက်၊ အမှတ်(၁၀၄၄)၊ တတိယထပ်(၄-လွှာ/ခေါင်းရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးသန့်ဇင်(၁၂/ဥကမ(နိုင်)၀၃၇၅၅၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများ ဖြစ်ကြသော ဦးစည်သူမင်း(၈/အလန(နိုင်)၁၅၁၈၄၈)၊ ဒေါ်ဆွေဆွေအောင်(၈/ဆပဝ(နိုင်)၀၇၁၈၁၅)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)**

**ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)**

**ဒေါ်သိမ့်သဉ္ဇလီ (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၅၆၈၈၇)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၄)လမ်း၊ အမှတ်(၄၇)၊ မြေညီထပ်၊ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၅ ပေx၅၅ပေ)ရှိ ရေ၊ မီး အပါအဝင်တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေပိုင်ရှင်ဖြစ်သူ ဦးခင်ဇော် (၁၂/မဂတ(နိုင်) ၀၄၅၆၅၆)က တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်မြတ်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)**
**ရုံးခန်းလိပ်စာ -အမှတ်(၁၁၂)၊ ပထမထပ်၊ မြင်တော်သာလမ်း၊**
**၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၃)၊ ဦးပိုင်အမှတ်(၃၁)၊ ၇၂(င)လမ်း၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းချမ်းမင်း ၏(GP ရရှိသူ ဦးစိုင်းအောင်မင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၆၂၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းစောနွယ် ၁/မကန(နိုင်)၀၅၀၅၄၁က အမှုတွဲအမှတ်(၂၀၂၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ စောလှဘော်လမ်း၊ မြေကွက်အမှတ် (၃၇၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးကျော်တင့် (SKGN- ၀၂၁၉၄၄) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း) (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငြိမ်းငြိမ်းစိုး (၁၂/ရကန(နိုင်) ၀၇၁၄၉၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဦးဇော်ထွန်းအောင်**
**LL.B, D.B.L, D.M.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)**

**ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ မြေတိုင်း(၄)၊ ဦးပိုင်အမှတ်(၂၈၇)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေအား ဦးလှဝင်းထွဋ်+ဒေါ်ခင်မြတ်သူမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန်လျှောက်ထားခြင်းအား လျှောက်ထားခြင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ မြေတိုင်း(၇/၄)၊ ဦးပိုင် အမှတ်(၁၉၈+၂၀၀)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား ဒေါ်ငုဝါအောင်+ဒေါ်ကြည်ပြာအောင်မှ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား လျှောက်ထားခြင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ် အမှတ်(၄)ရပ်ကွက်၊ မြေတိုင်း(၁၄)၊ ဦးပိုင်အမှတ်(၁၆၁)၊ မြေဧရိယာ (၀ဒသမ၀၆၂)ဧကရှိမြေအား ဒေါ်သီတာထွန်းမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူး မြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား လျှောက်ထားခြင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ် အမှတ်(၂)ရပ်ကွက်၊ မြေတိုင်း(၉)၊ ဦးပိုင်အမှတ်(၂၀၃)၊ မြေဧရိယာ(၀ဒသမ၀၆၂)ဧကရှိမြေအား ဦးဇာနည်လှမင်းနှင့်ဒေါ်သွဲ့သွဲ့အေးမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန်နှင့် သက်တမ်းတိုးလျှောက်ထားခြင်းအား လျှောက်ထားခြင်း ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါက်တာနေဝင်းထွန်း | ပုသိမ် | မရမ်းချောင်း | ၄၉/မရမ်းချောင်း | ၂၅/၃ | ၀.၀၈၀ | အသစ် |
| ၂ | ဒေါက်တာနေဝင်းထွန်း | ပုသိမ် | မရမ်းချောင်း | ၄၉/မရမ်းချောင်း | ၂၆/၃ | ၀.၁၄၀ | အသစ် |
| ၃ | Buffo Myanmar | ပုသိမ် | အမှတ်(၅) | ၇၁/ဈေးချောင်းတောင် | ၃၂၂ | ၀.၀၅၅ | အမည်ပြောင်း |
| ၄ | Buffo Myanmar | ပုသိမ် | အမှတ်(၅) | ၇၁/ဈေးချောင်းတောင် | ၃၃၅ | ၀.၀၅၅ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုမြို့နယ်၊ ကံ့ကော်ရပ်ကွက်၊ အကွက်အမှတ်(၃၁)၊ အိမ်တော်ကုန်းအကွက်၊ ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ (၀.၁၂၄)ဧကရှိ မြေကွက်သည်ကျိုက်ထိုမြို့နယ်မြေ စာရင်းဦးစီးဌာန၏(၁-က) စာရင်းတွင် မူလပိုင်ရှင်ဖြစ်သူ ဦးအောင်ဝင်း၊ ဦးစိုးဝင်း၊ ဒေါ်စန်းစန်းဝင်း အမည်မှ ဦးအောင်ဝင်းအမည်သို့ ပြောင်းလဲပေးပါရန်လျှောက်ထားလာမှုအပေါ် မည်သူမဆို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက်မတိုင်မီ ရက်ပေါင်း(၃၀) အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကျိုက်ထိုမြို့နယ်မြေစာရင်း**
**ဦးစီးဌာန၊ ကျိုက်ထိုမြို့**

## ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုမြို့နယ်၊ ကံ့ကော်ရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ကံ့ကော်ကုန်းအကွက်၊ ဦးပိုင်အမှတ် (၅)၊ မြေဧရိယာ (၀.၂၀၇)ဧကရှိ မြေကွက်သည်ကျိုက်ထိုမြို့နယ်မြေစာရင်း ဦးစီးဌာန၏(၁-က) စာရင်းတွင် မူလပိုင်ရှင်ဖြစ်သူ ဦးအောင်ဝင်း၊ ဦးစိုးဝင်း၊ ဒေါ်စန်းစန်းဝင်းအမည်မှ ဒေါ်စန်း စန်းဝင်းအမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်မတိုင်မီ ရက်ပေါင်း (၃၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကျိုက်ထိုမြို့နယ်မြေစာရင်း**
**ဦးစီးဌာန၊ ကျိုက်ထိုမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/49982 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင်လင်း ၇/ကဝန(နိုင်)၁၁၂၃၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထား များ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်း(၂၃-A)၊ ဦးပိုင်အမှတ် ၁၅၅၅ ၊မြေဧရိယာ(၀.၁၈၄)ဧကရှိ မြေအား ဦးအောင်မြင့်(ခ) နေရှူးမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား လျှောက်ထားခြင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၉)ရပ်ကွက်၊ မြေတိုင်း(၂၅)၊ ဦးပိုင်အမှတ် ၃၀၄+၃၀၆၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေအား ဦးထွန်းသန်းလွင်မှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှု နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြေညာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား လျှောက်ထားခြင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန ၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/အင်တိုင်းသာ မြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၀၈)၊ မြေဧရိယာ ၀ ဒသမ ၁၅၇ ကေရှိ ဦးဘိုဆင့်၊ ဒေါ်တုတ် အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးကျော်ထူး(ဘ)ဦးစံတင် ၉/လဝန(နိုင်)၁၄၄၁၉၈ မှ အရောင်းအဝယ်ကတိစာချုပ် မူရင်း၊ တရားရုံးကျမ်းကျိန်လွှာ မူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၈ လမ်း၊ အမှတ် (၁၄၂/၁၅၀)၊ (၈)လွှာ တိုက်ခန်းနှင့်တကွ ရေမီးစုံအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အိုးအိမ်ဦးစီးဌာနမှ ဆောက်လုပ်သော တိုက်ခန်းကို တိုက်ခန်းပိုင်ရှင်ထံမှ အစဉ်အဆက်စာချုပ်အဆင့်ဆင့်ဖြင့် အရောင်းအဝယ် ပြုလုပ်ပြီး နောက်ဆုံးဝယ်ယူသူ ဒေါ်အေးအေးအောင် ၁၂/ပဇတ(နိုင်)၀၁၀၂၁၆ မှ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်ဥမ္မာ ၁၂/ဗတထ (ပြု)၀၀၀၁၄၃ အား ရောင်းချရန်ကမ်းလှမ်းရာ ဝယ်ယူသူမှ သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်(သို့)ကျွန်ုပ်မိတ်ဆွေထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၄၀၊ ၃/ခ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၈၆၄၄၇၁၇၉၂၊ ၀၉-၄၄၅၇၄၉၀၉၇

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၂/ မင်းရပ်၊ ဦးပိုင်အမှတ်(၄၅)၊ မြေကွက်အမှတ်(၉၇)၊ မြေဧရိယာ ၀ ဒသမ ၀၃၂ဧကရှိ မြေကွက်သည် ဒေါ်ရင်မြအမည်ဖြင့် ၇-၈-၁၉၆၉ရက်အထိ (၃)နှစ် လိုင်စင် ရရှိထားပါသည်။ လိုင်စင်အမည်ပေါက်သူ ဒေါ်ရင်မြမှ ၁၉-၉-၁၉၉၄ ရက်တွင် တူမအရင်းတော်စပ်သူ ဒေါ်သန်းသန်းနွယ်အား အဆိုပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ပေးအပ်ခြင်းစာချုပ်ချုပ်ဆိုပေးအပ်ခဲ့ပါသည်။ ဒေါ်ရင်မြသည် ၂၀၁၀ ခုနှစ်တွင် ကွယ်လွန်သွားပြီဖြစ်ပါသည်။ ဒေါ်သန်းသန်းနွယ်နှင့် ဦးသိန်းလွင်တို့သည် တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပြီး ဒေါ်သန်းသန်းနွယ်သည် ၁၂-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပြီဖြစ်သဖြင့် ဦးသိန်းလွင်မှ ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဦးသိန်းလွင် ၉/မထလ(နိုင်)၀၁၁၃၉၅ မှ မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၆၃)၊(၄၁ပေx ၆၀ပေ)အကျယ်အဝန်း ဧရိယာ ၀ ဒသမ ၀၅၆ဧကရှိ ဦးပူစ်ပါလာဘ် ၁/မကန(နိုင်)၀၀၆၆၅၉ အမည်ပြောင်းနေဆဲ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းမင်းထွန်း ၅/ဝလန(နိုင်)၀၆၉၃၈၅ မှ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း(LL.B, D.I.L, WIPO (Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၃၁)ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈၊ ၀၉-၆၉၁၈၀၀၁၅၂၇**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/40356 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**
**ကျိုင်းတုံမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၁၃၀၈၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**
**ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၇၆၃၉၄၊ Yamaha Ray-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှမြင့် ၅/ကလထ(နိုင်)၁၁၅၁၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/4541 Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးသက်မောင်လွင် ၉/အမဇ(နိုင်) ၀၁၂၉၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူ ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 46(T)/DPTSC(PTP)/ 2025-2026 | ၅၀၀ကေဗွီ တောင်ငူ(စပါးကွယ်) ပင်မဓာတ်အားခွဲရုံတွင် (၁၂၀'X၅၀') Steel Structure (၁၆"X၈" I-Beam)RC Open Shed (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်။ |
| ခ | 47(T)/DPTSC(PSD)/ 2025-2026 | Communication Equipment and Accessories များအတွက် အသုံးပြုမည့် Optical Terminal Equipment(SDH) and Accessories များ ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁-၉-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web - Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## မွေးသက္ကရာဇ်အမှန်

ပဲခူးယ်ကုန်းမြို့၊ ပြည်တော်သာရပ်ကွက်နေ (ဘ)ဦးဇော်ဦး ၇/ကတခ(နိုင်)၁၆၈၀၈၆၏ သား အ.ထ.က (စက်-စိုက်-မွေး) ပဲခူးယ်ကုန်းကျောင်း Grade-12(A)မှ မောင်အောင်ထွန်းဇော်၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၈-၂၀၀၆ ခုနှစ်ဖြစ်ပါကြောင်း။

**မောင်အောင်ထွန်းဇော်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အထက(၃)ကျောင်းမှ ၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုခဲ့သော မောင်ကောင်းကင်ယံမိုး၏ ဖခင်အမည်မှန်မှာ ဦးသီဟကျော် ၉/အမဇ(နိုင်)၀၄၈၉၃၈ ဖြစ်ပါကြောင်း။

**ဦးသီဟကျော်**

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ခင်အေးမော်(ဘ)ဦးတင်ငွေ ၁၂/အစန(နိုင်)၀၃၀၂၈၈ ၏ နိုင်ငံကူးလက်မှတ် MJ 238063 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၁၅၉၂၁၉၆**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ NOVA STAR ကိုယ်ပိုင်အထက်တန်းကျောင်း G-8 မှ မစရွှန်ဗန်အီယာန်းပါရ်၊ G-4 မှ မအေမီလာလ်ရွတ်ကိမ်း၊ G-2 မှ မအေရယ်လီလာလ်ပဲက်မွေးတို့၏ ဖခင်အမည်မှန်မှာ ဦးဘွဲ့အုပ်ဆန်း ၄/ဖလန(နိုင်)၀၄၈၁၆၂ ဖြစ်ပါကြောင်း။

**ဦးဘွဲ့အုပ်ဆန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/61489 Canda Super Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတိုက်ကြီးမောင် ၅/စကန(နိုင်)၀၀၃၃၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ မြေတိုင်းအမှတ်(၈. သွန်းဘုရားကြီးရပ်)၊ ဦးပိုင်အမှတ်(၅၆)၊ မြေဧရိယာ(၀.၀၃၃)ဧကရှိမြေအား ဦးခင်အောင်၊ ဦးမောင်စိန် တို့မှ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၁၃ယ/၅၅၇၂၉, Honda Dream ND 125 M ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၀/ပမန(နိုင်)၀၆၁၆၅၈ က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး (သထုံ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၆၀၁)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ယမင်းသူဇာလွင် (ဘ) ဦးမြင့်လွင် ၁၂/လကန(နိုင်)၁၇၆၂၇၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ယမင်းသူဇာလွင်မှ ဒေါ်စန်းလဲ့မွန် (ဘ)ဦးဝင်းမြင့်၁၄/ကကန(နိုင်)၀၈၆၄၉၄နှင့်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၄)၊ ရွာသစ်ရပ်နေ (ဘ)ဦးခွေး၊ (မိ)ဒေါ်ခွေး(ခ)ဒေါ်အုန်းသိန်းတို့၏ သမီး မနန်းဆုလှိုင် ၉/ညဥန(နိုင်)၁၉၄၀၂၂ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ဦးခွေး-ဒေါ်ခွေး(ခ)ဒေါ်အုန်းသိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4R/5648 Toyota Rush F800LE, Station Wagon (4x2)Lယာဉ်လက်ဝယ်ရှိသူဒေါ်လားအော်မီ ၅/ကလထ(နိုင်)၀၉၈၀၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B 4)၊ အခန်းအမှတ် (၆၂၃)၊ အမျိုးအစား(A)၊ အကျယ်အဝန်း (၁၂၆၁)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော "အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းရွှေလှ ၁၃/ဆဆန(နိုင်)၀၉၆၂၀၉ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်/ကျွန်မထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးတင်မောင်ထွန်း ဒေါ်မေစီခင်လှိုင်**
**၁၀/မဒန(နိုင်)၀၄၄၈၄၄ ၁၂/သဃက(နိုင်)၀၃၂၇၆၁**
**ဖုန်း-၀၉-၄၀၁၆၉၉၃၁၁**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၁၃ယ/၅၇၃၆၉, HONDA DREAM (ND 125 M) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြည့်ဖြိုးခိုင် ၁၀/သထန(နိုင်) ၃၂၈၃၈၂ က(ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န ၊ ခရိုင်ရုံး (သထုံ)**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၇၆

၁။ ဒေါ်ချိုချိုရီ နှင့် ဦးလှဝေ
၂။ ဒေါ်မြမြနွယ်(ကိုယ်တိုင်နှင့် ၁ ၏ အခွင့်ရကိုယ်စားလှယ်)
၃။ ဒေါ်မြမြသွယ်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ရဲရဲထွေး)
၄။ ဒေါ်စန္ဒာလင်းထွန်း

**(အယူခံတရားလိုများ)** **(အယူခံတရားပြိုင်)**

၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်စွဲပါ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄၆/၂၀၂၃ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇိတာ(၃)လမ်း၊ အမှတ်(၉၆၅)၊ မြေညီထပ်(ခြေရင်း)နေ အယူခံတရားပြိုင် ဦးလှဝေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မရမ်းကုန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်( ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၅ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **( မိုးသင်းအောင် )**

**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၁)ရပ်ကွက်၊အ-ထ-က(၁)၊ Grade-10(A)မှ နော်အိန်ဂျယ်မိုး၏ ဖခင်အမည်မှန်မှာ စောမောင်နု ၇/ကတခ(နိုင်)၀၅၃၈၀၉ ဖြစ်ပါသည်။

**စောမောင်နု**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၁)ရပ်ကွက်၊ အ-ထ-က(၁) Grade-11မှ မဖြိုးအိခိုင်၊ Grade-9 မှ မောင်စိုးသူတို့၏ ဖခင်အမည်မှန်မှာ ဦးဆူနီလ် ၇/ကတခ(နိုင်)၁၆၄၇၉၃ ဖြစ်ပါသည်။

**ဦးဆူနီလ်**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အောက်လမ်းမကြီး၊ အကွက်အမှတ်နှင့်အမည် ၆၈/မောင်ငံ၊ ဦးပိုင်အမှတ် ၉၈၊ ဧရိယာ ၀ဒသမ၁၀၆ ဧကရှိ အိမ်နှင့်မြေကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က) စာရင်းတွင် ဦးလှမ်းစိုးမိုး၊ ဦးမင်းကျော်မင်းတို့ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးလှမ်းစိုးမိုးနှင့် ဦးမင်းကျော်မင်းတို့သည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၂၄၉/၂၀၂၅ အရ ဦးညီညီလွင်နှင့် မိမိုးသူဇာလင်းတို့အား မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ဦးညီညီလွင် နှင့် မိမိုးသူဇာလင်းတို့သည် ၎င်းတို့တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါအိမ်နှင့်မြေကွက်ကို ၎င်းတို့၏ အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးညီညီလွင်နှင့် မိမိုးသူဇာလင်းတို့မှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၃၉၆၁ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်းနိုင် ၁၀/မလမ(နိုင်)၁၃၄၅၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/3733 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပဝင်း ၉/မလန(နိုင်) ၀၉၁၆၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/73968, Honda Wave-100, M/C အား စစ်တွေမြို့၊ ညေဝတီရပ်ကွက်နေ ဦးမောင်ဝင်းတင် ၁၁/စတန(နိုင်)၀၇၄၂၁၅ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ရှင်စောပုလမ်း၊ ကွင်းအမှတ်နှင့်အမည် ၉၂/ဖက်ခင်း၊ ဦးပိုင်အမှတ် ၆၄/၅ + ၆၄/၅ူ/၃/က၊ ဧရိယာ( ၀ ဒသမ ၀၉+၀ ဒသမ ၀၉) ဧကရှိမြေကို မော်လမြိုင်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၂၀၁/၂၀၂၃ နှင့် ၄၇၉/၂၀၂၄ အရ ဒေါ်ခင်သက်မွန်မှ မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ခင်သက်မွန်သည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော အထက်ဖော်ပြပါမြေကွက်ကို မှတ်ပုံတင်စာချုပ်အမှတ်-၄၂/၂၀၂၅ အရ ဒေါ်ကေသီဝင်းအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ပြန်လည်ရောင်းပေးချခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်ကေသီဝင်းသည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဒေါ်ကေသီဝင်းမှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ **မော်လမြိုင်မြို့ နယ်မြေစာရင်းဦးစီးဌာန**

**မော်လမြိုင်မြို့**

## ဒေါ်ဝင်းဝင်းမာ (၉/မထလ(နိုင်)၀၆၇၈၅၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးအောင်ဇေယျမှ (၁၂-၈-၂၀၂၅)ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၇)ပါ "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ပုလဲကျွန်းလမ်း၊ အမှတ်(၁၉၀၆) ဟု ခေါ်တွင်သော မြေအကျယ်အဝန်း ပေ(၄၀x၈၀)ရှိ စလစ်မြေ အမျိုးအစားမြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"အား ပြန်လည်ရုပ်သိမ်းပေးပါရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မြင့်မြင့်စန်း (ဘ) ဦးတင်ထွန်း ၁၂/တမန(နိုင်)၁၀၆၆၁၆နှင့် ဒေါ်မေသူဇာ (ဘ) ဦးတင်ထွန်း ၁၂/တမန(နိုင်)၁၂၃၀၄၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ ကြေညာစာပါ ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈) ရပ်ကွက်၊ ပုလဲကျွန်းလမ်း၊ အမှတ်(၁၉၀၆) ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ဖခင်ဦးတင်ထွန်း၊ မိခင် ဒေါ်ဝင်းရီတို့ပိုင်ဆိုင်ပြီး၊ ထိုကြေညာစာတွင်ပါရှိသည့် ဖခင်ဦးတင်ထွန်းသည် ၂၀၁၆ ခုနှစ်၊မေလ ၈ရက်တွင် ကွယ်လွန်ခဲ့သည်ဆိုခြင်းမှာ မှန်ကန်မှုမရှိပါ။ ကျွန်ုပ်မိတ်ဆွေများ၏ အစ်ကိုကြီးဖြစ်သူ ဦးခင်မောင်လွင် မကွယ်လွန်မီ ၂-၈-၂၀၂၃ရက်ကတည်းက ဒေါ်ဝင်းဝင်းမာနှင့် နှစ်ဦးသဘောတူကွာရှင်းထားပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းထားပြီးဖြစ်သည်ကို ထိမ်ချန်၍ ကန့်ကွက်နေခြင်းသာ ဖြစ်ပါသည်။ ဦးခင်မောင်လွင်နှင့် ဒေါ်ဝင်းဝင်းမာတို့ ပေါင်းသင်းစဉ်က သားသမီး ထွန်းကားခဲ့ခြင်းမရှိပါ။ ကွာရှင်းပြီးနောက်ပိုင်းမှ ဦးခင်မောင်လွင် ကွယ်လွန်ခြင်းဖြစ်၍ ယခုအမွေဆိုင်မြေနှင့်ပတ်သက်၍ ဒေါ်ဝင်းဝင်းမာနှင့်မည်သို့မှ သက်ဆိုင်ခြင်းမရှိတော့ပါ။ ဦးခင်မောင်လွင် (ကွယ်လွန်)၏ ဇနီး မဟုတ်တော့ပါသဖြင့် ကျွန်ုပ်မိတ်ဆွေများပိုင်ဆိုင်သည့်ပစ္စည်းအပေါ် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသယောင်အလား ကြေညာချက်မှာ မှားယွင်းလျက်ရှိပါကြောင်းနှင့် အဆိုပါမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေများ၏ အကျိုးထိပါးစေမည့် မည်သည့်ကိစ္စရပ်မှ ထပ်မံလုပ်ဆောင်ခြင်းမပြုပါရန်နှင့် ထပ်မံပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။ ယခုတိုင်လည်း အထက်ပါမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဒေါ်မြင့်မြင့်စန်းနှင့် ဒေါ်မေသူဇာတို့သာ လက်ရှိထား စီမံခန့်ခွဲနေခြင်း ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဖခင်၊ မိခင်တို့၏ ကျန်ရစ်ပစ္စည်းအရပ်ရပ်အပေါ် ကျွန်ုပ်မိတ်ဆွေများအား ထိခိုက်နစ်နာစေသော အရာကိစ္စရပ်များ ဆက်လက်နှောင့်ယှက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါကြေညာစာအားလည်း ပြန်လည်ရုပ်သိမ်းပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်စန်း ၁၂/တမန(နိုင်) ၁၀၆၆၁၆နှင့်**
**ဒေါ်မေသူဇာ ၁၂/တမန(နိုင်) ၁၂၃၀၄၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်ထရီဇာအောင် ( LL.B )**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၄၀၀၄)**
**အမှတ်-(F-13)၊ အနော်ရထာလမ်း၊ တိုးချဲ့(၂)ရပ်ကွက်၊ မော်ဘီမြို့**
**ဖုန်း-၀၉-၄၀၁၆၀၂၂၁၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ဗိုလ်တေဇလမ်း/အပိုင်း(၁)၊ မြေကွက်အမှတ်(၆၆၁)၊ မြေပေအကျယ်ပေ(၄၀x၆၀)ရှိ ဒေါ်မြင့်မြင့်ရီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အမွေဆက်ခံပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးစိုးဝင်း ၁၂/ဥကတ(နိုင်) ၁၀၃၃၁၈က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လုံးချင်းနေအိမ် အပါအဝင်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက် အမှတ်(၈၅၉)၊ မြေပေအကျယ် ပေ(၄၀x၆၀)ရှိ ဦးစံတင် အမည်ပေါက် ပါမစ်မြေကွက်မှ မခွဲမစိတ်ရသေးသော ခြေရင်းခြမ်းရှိ မြေပေအကျယ် ပေ(၂၀x၆၀)ကို အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့်ပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးရဲထွန်းနီ ၁၂/ဥကတ(နိုင်) ၁၄၇၁၂၁ က ယင်းမြေကွက်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈)၊ အပိုင်း(၂)၊ လှသိင်္ဂီလမ်း၊ မြေကွက်အမှတ် ၉၅၁(က)၊ အကျယ်အဝန်း ပေ(၂၀x၆၀) ဦးခင်ဇော်လတ် ၁၄/ကလန(နိုင်)၁၀၃၇၄၀ အမည်ပေါက် စလစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်(ရေ၊မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍လက်ရောက်ရရှိထားသူ ဒေါ်ညိမ်းညိမ်း ၁၂/ဥကတ(နိုင်)၁၁၈၀၅၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများကိုင်ဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရမ်းစမု၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, Wipo-Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆**

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့၊ အမှတ်(၇)ရပ်ကွက်၊ မန်းဝင်းမောင်လမ်းနေ ဦးစောဝိုင်းလည် ၃/ဘအန(နိုင်)၂၄၉၁၄၀ ၏ ဖခင် ဦးချတောင် (ခ) ဦးစံတန် ၃/ဘအန(နိုင်)၀၅၄၇၅၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချတောင် (ခ) ဦးစံတန်**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ D.YEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12မှ (ဘ) ဦးသီဟဇော်(မိ)ဒေါ်ဇာဇာလင်း တို့၏ သမီး မမေသူသူဇော်၏ အမည်မှန်မှာ မသူသူဇော် ဖြစ်ပါကြောင်း။

**မသူသူဇော်**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသျှာမြို့သစ်(၈) ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၃A)၊ မြေကွက်အမှတ်(၁၅၇၈)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိမြေအား ဒေါ်ခိုင်ခိုင်စိုးမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက(၁၂)လမ်း၊ အမှတ်(၃၁၀/က)ဟု ခေါ်တွင်သော (၁)ခန်းတည်း (၆)ထပ်တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း (၁၅ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို ၁၂-၄-၂၀၂၃ ရက်စွဲပါ မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူ ကတိစာချုပ်အရ ကန်ထရိုက်တာအနေဖြင့် အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးအောင်ရဲထွန်း ၁၂/သဃက(နိုင်)၁၇၈၅၀၁နှင့် ဦးဇော်ရဲထွန်း ၁၂/သဃက(နိုင်)၁၈၅၆၇၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ခန့်ကျော် ၁၂/ သကတ(နိုင်)၁၆၈၂၀၆ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗိုလ်ရဲအောင်စင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/20732 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**
**ကျိုင်းတုံမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၈၃၃)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်စန်းစန်းတင့် ၉/ပမန(နိုင်)၀၁၂၂၅၇ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးစိုးလွင် ၈/ရစက(နိုင်)၀၄၁၀၃၀ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၁၅၇၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်ဝါဝါညွှန့်ရွှေ ၉/မထလ(နိုင်)၁၈၈၉၀၉မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သိင်္ဂီဝင်း ၇/တငန(နိုင်) ၁၃၁၉၉၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၃၂၀၁)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်ယဉ်မင်းစိုး ၉/လဝန(နိုင်)၁၁၈၀၁၀ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးချစ်စောဦး ၉/ပမန(နိုင်) ၂၃၄၄၉၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၆-သစ်ထည်)၊ လူနေရပ်ကွက်အမှတ်(၄၆)၊ ရွှေလီ(၁)လမ်း၊ မြေကွက်အမှတ် (၆၀-ခ+ဂ) ဟုခေါ်တွင်သော နှစ်(၆၀)မြေငှား ဂရန်မူရင်းတွင် ဦးမျိုးမြင့် ၁၂/ဗဟန(နိုင်)၀၇၀၃၀၆ အမည်ပေါက် အလျား (၄၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ ၂၄၀၀ စတုရန်းပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက် ပိုင်ဆိုင်ထားသူ ဦးမျိုးမြင့်၁၂/ဗဟန(နိုင်)၀၇၀၃၀၆ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးယဉ်ထွေး(ခ)မျိုးယဉ်ထွေး ၇/ကတခ(နိုင်)၀၃၄၂၇၅ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးယဉ်ထွေး(ခ)မျိုးယဉ်ထွေး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)**
**ဒေါ်မြတ်နိုးခင်(LL.B) အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
## ဦးထွန်းထွန်း (ခ) ဦးလှထွန်း
## အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက် ဦးကျော်ဒွန်းဇံ(၂)လမ်း၊ အမှတ်(၄က)နေ (ဦးစံတင်-ဒေါ်မြကြည်) တို့၏ သားကြီး၊ (ဦးလင်ကောက်ရှီ-ဒေါ်အုန်းစိန်)တို့၏ သားသမက်၊ ဦးကျော်နိုင်ထွန်း-ဒေါ်ဇင်မာစိုး၊ ဦးကျော်သက်ထွန်း-ဒေါ်တင်ဇာစိုးမြင့် တို့၏ ဖခင်၊ မမိုးသက်ခင်၊ မမေသက်ခင်တို့၏ အဘိုး၊ ဒေါ်ကြင်စော၏ ချစ်လှစွာသော ခင်ပွန်း ဦးထွန်းထွန်း(ခ)ဦးလှထွန်းသည် ၁၇-၈-၂၀၂၅(တနင်္ဂနွေနေ့) ညနေ ၄ နာရီ ၂၄ မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၂၅(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၂၅(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါသဖြင့် ဦးကျော်ဒွန်းဇံ(၂)လမ်းရှိ နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ မြေတိုင်းအမှတ်(၁၇-L မြို့မဒေါင့်ရပ်)၊ ဦးပိုင်အမှတ်(၁ခ/၁၊ ခထ)၊ မြေဧရိယာ(၀.၁၁၉)ဧကရှိမြေအား ဦးလှအေး+ဒေါ်ဥမ္မာတို့မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 44W/51257 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/54018 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူနိုင် ၅/ကလထ(နိုင်) ၂၂၆၄၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၇၇၂၄ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဌေး ၅/ကလဝ(နိုင်)၀၃၁၆၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၀/တောင်သာအနောက်၊ ဦးပိုင်အမှတ်(၆၉၅)၊ ဧရိယာ ၀ဒသမ ၀၆၃ ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဦးသူရမင်းအောင် ၉/ပမန (နိုင်)၂၈၉၅၃၇နှင့် ဒေါ်ခွန်မိုးဖြူ ၁၂/သလန(နိုင်)၁၂၀၆၁၆တို့မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊မြေကွက်အမှတ်(ဒ-၆၀၅၇)ဟု ခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက် သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးကျော်ဆန်းဝင်း(ဘ) ဦးကံမြိုင် ၉/မနတ(နိုင်)၀၈၆၂၄၈ အမည်ဖြင့် ပြောင်းလဲသတ်မှတ်ချထားပေးသောမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အားဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအပြီးအပိုင် အရောင်းအဝယ်စာချုပ် အား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇင်မင်းထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၂၁/၂၀၁၆)**
**ပုရွက်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်၊ ဖုန်း ၀၉-၄၃၀၄၅၉၁၁**

- ❖ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်…
- ❖ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အာမခံချက်များ ပေးနိုင်ရန်လို…
- ❖ သို့မှသာ နိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏ စီးပွားရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်မည့် မြန်မာနှင့် ဩစတြေးလျအသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၁၈

၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁၉ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ဩစတြေးလျအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဗိုလ်လုပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ဟိုင်းဖောင်မြို့ရှိ Pullman ဟိုတယ်၌ ကျင်းပရာ နှစ်ဖက်အသင်း နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။

မြန်မာအသင်းနည်းပြချုပ် ယုကီ တက်ဆုရိုက "ဩစတြေးလျဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာတာကြောင့် မနက်ဖြန် ကစားရမယ့် ဗိုလ်လုပွဲက ပွဲကြီးပွဲကောင်း

စာမျက်နှာ ၃၃ ကော်လံ ၁ ❍

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ယုကီတက်ဆုရိုနှင့် အသင်းခေါင်းဆောင် ခင်မာလာထွန်း။

## အာဆီယံအမျိုးသမီးတံခွန်စိုက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၈

(၁၃)ကြိမ်မြောက် အာဆီယံအမျိုးသမီးတံခွန်စိုက် ဘောလုံးပြိုင်ပွဲများအား ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပလျက်ရှိရာ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ဩစတြေးလျ အမျိုးသမီးလက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ည ၇ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်သည်။

ထိုသို့ MRTV HD Channel မှ Live ထုတ်လွှင့်မှုကြောင့် ပုံမှန်ထုတ်လွှင့်နေသည့် ည ၈ နာရီသတင်းအား ည ၁၀ နာရီအချိန်သို့ ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## လီဂူးဝမ်းအဖွင့်ပွဲစဉ်တွင် ပီအက်စ်ဂျီက နန့်တက်စ်ကို ဗစ်တင်ညာ၏သွင်းဂိုးဖြင့် အနိုင်ရ

ပြင်သစ်လီဂူးဝမ်းအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၈ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် နန့်တက်စ်နှင့် ပီအက်စ်ဂျီအသင်းပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ပွဲကစားချိန် ၆၇ မိနစ်တွင်ရရှိခဲ့သော ဗစ်တင်ညာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် နန့်တက်စ်အသင်းကို ပွဲချိန်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ နန့်တက်စ်အသင်းသည်

စာမျက်နှာ ၁၅ ကော်လံ ၅ ◆


ယနေ့ သတင်းအညွှန်း

မြန်မာ့ဒေသရင်း ငှက်မျိုးစိတ် အထူးထုတ် ၂၀၀ ကျပ်တန် ကိုးလုံးပါ Block of Stamp စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချမည် — ပြည်တွင်းသတင်း စာ ၈

အများပြည်သူဆိုင်ရာနေရာများတွင် အီးစီးကရက်သောက်ခြင်းကို စင်ကာပူ၌ ပြင်းထန်စွာတားမြစ် — နိုင်ငံတကာသတင်း စာ ၁၄

၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း (၁-၈-၂၀၂၅ ရက်နေ့မှ ၁၅-၈-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် — သတင်းထုတ်ပြန်ချက် စာ ၁၇




## ONE Friday Fights 121 ပြိုင်ပွဲ၌ မြန်မာဖိုက်တာ သွေးလင်းထက် တွဲဆိုင်းပါဝင်မည်ဖြစ်ပြီး ထိုင်းဖိုက်တာနှင့် ထိုးသတ်ရမည်

ရန်ကုန် ဩဂုတ် ၁၈

ဩဂုတ် ၂၂ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် ONE Friday Fights 121 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးလင်းထက် တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

သွေးလင်းထက်သည် ယင်းပြိုင်ပွဲတွင် Co–Main Event ထိုးသတ်ရမည်ဖြစ်ပြီး ထိုင်းဖိုက်တာ ချော့ပရီချာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ သွေးလင်းထက်သည် ONE နှင့် ငါးပွဲထိုးသတ်ရာ လေးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်ရထားသူဖြစ်သည်။ ချော့ပရီချာမှာမူ ONE နှင့် ခြောက်ပွဲထိုးသတ်ထားရာတွင် လေးပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။ သွေးလင်းထက်သည် နောက်ဆုံးသုံးပွဲ အနိုင်ရထားရာတွင် အလဲထိုးနှစ်ပွဲပါဝင်နေရာ ယခုပွဲတွင်လည်း နိုင်ပွဲထပ်မံရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာဖိုက်တာများသည် ယခုလအတွင်း ထိုးသတ်နေသည့် ONE Friday Fights ပြိုင်ပွဲများတွင် ရလဒ်မကောင်းသေးဘဲ နောက်ဆုံးနှစ်ပတ်အတွင်း ငါးဦးစလုံး ရှုံးနိမ့်ထားသည်။

မောင်ညီ၊ ဓာတ်ပုံ–ONE